ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလကွယ်၊ ကြာသပတေးနေ့။ Thursday 12 July 2018 ၉၃၄၅

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ

# တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## သေသောသူ ကြာလည်း မမေ့နိုင်

စာမျက်နှာ - ၁၄

## (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့

စာမျက်နှာ - ၁၅

**ရာနှုန်းပြည့်မိုး** (၁၂-၇-၂၀၁၈)

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ညီညွတ်မှုစွမ်းအားဖြင့် ပန်းတိုင်သို့တက်လှမ်း

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် ကျွန်ဖြစ်ခဲ့ရသည်။ တောင်ပေါ်မြေပြန့် တိုင်းရင်းသားပြည်သူများ စိတ်ဝမ်းကွဲပြားခဲ့ရသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တစ်တိုင်းပြည်လုံးစည်းလုံးညီညွတ်ရေးသည် အရေးကြီးသည်။ ပြင်ပ(နယ်ချဲ့) ပယောဂမပါဘဲ တိုင်းရင်းသားလူမျိုးစုများ တွေ့ဆုံဆွေးနွေးနိုင်လျှင် မည်သည့်အခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်ပြီး တိုင်းရင်းသား ပြည်သူအားလုံးစည်းလုံးညီညွတ်မှု ရရှိလာမည်ဟု ၁၃-၁-၁၉၄၇ ရက်နေ့က အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုရန် လန်ဒန်မြို့သို့ ရောက်ရှိစဉ် ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် တိုင်းရင်းသား လူမျိုးစုများ ညီညီညွတ်ညွတ် တွေ့ဆုံဆွေးနွေးနိုင်ရေးကို ညွှန်းဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ကြိုးပမ်းမှုဖြင့် (၂၀)ရာစုပင်လုံညီလာခံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ နိုင်ငံလွတ်လပ်ရေး ရရှိခဲ့သော်လည်း သွေးကွဲခြင်းကိုဖြစ်စေသည့် ဆိုးမွေများကြောင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့ထက်တိုင် ငြိမ်းချမ်းခြင်းနှင့် အလှမ်းဝေးနေရသည်။ နယ်စပ်ဒေသ တိုင်းရင်းသားနယ်မြေအချို့တွင် လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့နေရသည်မှာ နှစ်ပေါင်း ၇၀ကျော်ပြီဖြစ်သည်။ ယင်းပြဿနာကို အစိုးရအဆက်ဆက် ဖြေရှင်းလာခဲ့ကြရာ မျက်မှောက်ကာလတွင် ငြိမ်းချမ်းရေးရောင်ခြည်လင်းလက်လာသည်ကို မြင်တွေ့ရပြီဖြစ်သည်။

ယနေ့ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တ မျှော်လင့်နေသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အစည်းအဝေးကို သုံးကြိမ်ကျင်းပနိုင်ခဲ့သည်။ယခု ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကြီးကို ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်အထိ ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်း ကျင်းပနေပြီဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီကနေ့ ဒီအချိန်မှာ အားလုံးသိတဲ့အတိုင်း နိုင်ငံတကာနဲ့ ဒေသတွင်း ဆက်ဆံရေးအခြေအနေတွေအရ ကျွန်မတို့နိုင်ငံအနေနဲ့ ကျွန်မတို့ ပြည်ထောင်စုသား တိုင်းရင်းသားတွေအားလုံး စုစည်းညီညွတ်ပေါင်းစည်းနိုင်ကြတယ်ဆိုတာ ပြသနိုင်ဖို့ အထူးပဲ အရေးကြီးနေပါပြီ။ ဒါဟာပစ္စုပ္ပန်ရဲ့လိုအပ်ချက်၊ သမိုင်းရဲ့ တောင်းဆိုချက်၊ အနာဂတ်အတွက် ပြင်ဆင်ချက်လည်း ဖြစ်နေပါပြီ။ ခေါင်းဆောင်များအားလုံးပဲ တွေးဆမြင်ယောင် ကြည့်ကြပါ။ အိမ်ထောင်စုတစ်စု မညီမညွတ်၊ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်၊ အိမ်သားအချင်းချင်း ရန်ဖြစ်စကားများ ပဋိပက္ခတွေဖြစ်ပွားပြီး ဆူဆူညံညံဖြစ်နေတဲ့အနေအထားမျိုးနဲ့ ကျွန်မတို့ ပြည်ထောင်စုကြီးက သံသရာလည်လာခဲ့တာ နှစ်ပေါင်း (၇၀) ကျော်တဲ့အထိ ကြာမြင့်နေပါပြီ။ ဒီအနေအထားကို အပြင်ကဘယ်သူကမှလာပြီး ပြုပြင်ပေးလို့ မရပါဘူး။ ဒီပြည်ထောင်စုကြီးထဲမှာ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြတဲ့ ကျွန်မတို့ကိုယ်တိုင်က ပြုပြင်ပြောင်းလဲနိုင်မှ ရနိုင်မှာပါ။ ဒီအခွင့်အရေးဟာ ဒီကနေ့ ဒီခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ အင်အားစုအသီးသီးက ခေါင်းဆောင်တွေရဲ့လက်ဝယ်မှာ ရှိနေပါတယ်။ ကျွန်မတို့ရဲ့ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ညီညီညွတ်ညွတ်နဲ့ ထုဆစ်ပုံဖော်ဖို့ သမိုင်းပေးတာဝန်ဟာ ကျွန်မတို့အားလုံးရဲ့ ပခုံးပေါ်မှာရောက်ရှိ နေပါပြီ"ဟု ပြောကြားခဲ့သည်။

သို့ဖြစ်ရာကျင်းပနေသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး နေကြသည့် အင်အားစုအသီးသီးမှ ခေါင်းဆောင်များ၏လက်ဝယ်တွင် အခွင့်အလမ်းကောင်းများ ရှိနေသည်မှာ သေချာပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တ မျှော်လင့်နေကြသည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ယုံကြည်မှုများတည်ဆောက်၍ ညီညီညွတ်ညွတ် ပုံဖော်ထုဆစ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးကို စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးချမ်းအေး<br>သံအမတ် (ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>မြန်မာသံရုံး၊ ဗန်ကောက်မြို့<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးသန်းဇော်ဌေး<br>စက်ရုံမှူး<br>အမှတ်(၃၅)အကြီးစားစက်ရုံ(ချောက်)<br>အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဂ) | ဦးသိန်းဟန်<br>အထွေထွေမန်နေဂျာ<br>အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဃ) | ဦးမြင့်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

# မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂရုံး နေပြည်တော်တွင် ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂရုံး ဖွင့်ပွဲကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး (UMFCCI)၌ ကျင်းပသည်။

ရှေးဦးစွာ UNDP မှ Country Director Mr.Peter Batchelor၊ UN Resident Coordinator Mr.Knut Ostby၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် UNDP ၏ အာရှနှင့်ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး Mr.Haoliang Xu တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးကျော်တင်တို့က




မြန်မာနိုင်ငံ အခြေစိုက် ကုလသမဂ္ဂရုံးကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဦးမောင်မောင်ဝင်း၊ ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း ၁၇ ဖွဲ့ရှိသည့်အနက် ၁၂ ဖွဲ့၏ ရုံးများကို နေပြည်တော်၌ လာရောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀    မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၁၇၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇. ၅၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၉၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၆၄. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၉၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၄. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၀. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## လူတန်းစေ့စေ့ နေနိုင်ဖို့

ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ဘူး။ ခပ်တိုတို ပြောရင် လူတန်းစေ့စေ့နေနိုင်အောင် လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကို မလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ၊ NCA လက်မှတ်ရေးထိုးပြီးဖြစ်သော EAOs အစုအဖွဲ့မှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တာဝန်ရှိသူများ၊ အစိုးရအစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုဝန်ကြီးများနှင့် ဗဟိုရုံးဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ❂ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သား အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA)(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့မှ ကိုယ်စားလှယ်များ၊ မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ ‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်-မိုင်းလားတပ်ဖွဲ့ (NDAA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်-ကိုးကန့်တပ်ဖွဲ့(MNDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်မတော်(AA)တို့မှ ကိုယ်စားလှယ်များ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ကိုယ်စားလှယ်များ၊ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များ၊ Union Peace-making Work Committee (UPWC)မှ လူဟောင်းများနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင်လုံသစ္စာ တေးသရုပ်ဖော် တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

#### အဖွင့်အမှာစကားပြောကြား

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၆ နှင့် ၇ တွင် ဖော်ပြထားပါသည်။)** စာမျက်နှာ ၄ သို့ ❖




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၃ မှ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက အမှာစကားပြောကြားသည်။

**(ကေအင်န်ယူ-ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ ၁၁ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်က အမှာစကား ပြောကြားသည်။

**(ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်၏ အမှာစကားကို စာမျက်နှာ ၁၂ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များ၊ Union Peace-making Work Committee (UPWC) မှ လူဟောင်းများနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီဝင်များနှင့်လည်းကောင်း၊ NCA လက်မှတ်ရေးထိုးပြီးဖြစ်သော EAOs အစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဖိတ်ကြားထားသော EAOs အစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီ အစုအဖွဲ့တွင် ပါဝင်သော ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အစိုးရအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုဝန်ကြီးများနှင့် ဗဟိုရုံးဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့်လည်းကောင်း၊ လွှတ်တော် အစုအဖွဲ့တွင် ပါဝင်သော UPDJC အဖွဲ့ဝင်များ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ညီလာခံ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ တပ်မတော်အစုအဖွဲ့တွင် ပါဝင်သော တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ညီလာခံကိုယ်စားလှယ်များ၊ JMC-U အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့ဝင်များနှင့်လည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်း(NGOs) များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

☆ ကျောဖုံးမှ

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA)(PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့မှ ကိုယ်စားလှယ်များ၊ မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် 'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ၊ 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်-မိုင်းလားတပ်ဖွဲ့(NDAA)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်-ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/ SSA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်မတော် (AA)တို့မှ ကိုယ်စားလှယ်များ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ ကိုယ်စားလှယ်များ၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်များ၏ မိသားစုဝင်များ၊ Union Peace-making Work Committee (UPWC)မှ လူဟောင်းများနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ညစာအတူတကွ သုံးဆောင်သည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

■

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)တို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ UWSA "ဝ" အဖွဲ့ဥက္ကဋ္ဌ ဦးပေါက်ယူယိ၊ SSA (ဝမ်ဟိုင်း)အဖွဲ့ဥက္ကဋ္ဌ ဦးဆေထင်၊ NDAA (မိုင်းလား)၊ KIA အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစံပေ့နှင့် အဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) အက်စ်ဂွမ်မော်တို့ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားများနှင့် အမြင်ချင်းဖလှယ်ခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်သူများက ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး မည်သူမဆို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေချိန်တွင် အားလုံးကလည်း စိတ်တူကိုယ်တူဖြင့် လိုက်ပါလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်သည် မိဘသဖွယ်ဖြစ်ပြီး မိမိတို့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် သားသမီးများသဖွယ်ဖြစ်၍ သွေးချင်းညီနောင်များဖြစ်သဖြင့် ညီရင်းအစ်ကိုသဖွယ် စိတ်ဓာတ်ဖြင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် အေးအတူ ပူအမျှ အတူတကွ လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်၊ နီပွန်ဖောင်ဒေးရှင်းနှင့် ဆာဆာကာဝါဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါအား ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပနိုင်မှုအခြေအနေများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)အား လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ လူသားချင်းစာနာ ထောက်ထားမှုများနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး အတွေ့အကြုံများအား အပြန်အလှန် ဖလှယ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် မစ္စတာ ရိုဟေး ဆာဆာကာဝါ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ရိုဟေး ဆာဆာကာဝါ အား ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်မှု အပါအဝင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်ရေးနှင့် ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးတို့အတွက် ဆောင်ရွက်သွားရေး၊ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ကုလသမဂ္ဂ၏ ထောက်ခံမှုတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံ အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အပါအဝင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ညီလာခံ ပထမနေ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးညီလာခံ ပထမနေ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဦးဆောင်သဘာပတိအဖြစ် ဒေါက်တာတင်မျိုးဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးအောင်ကြည်ညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ နိုင်ဟံသာနှင့် ဦးခွန်မောင်သောင်းတို့က ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် ဦးဆောင်သဘာပတိ ဒေါက်တာတင်မျိုးဝင်းက မိမိတို့၏ ငြိမ်းချမ်းရေးညီလာခံကြီးသည် အစည်းအဝေး တစ်ခုပြီးတစ်ခု ဖြည်းဖြည်းမှန်မှန်နှင့် နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့ကိုတိုးပြီး လျှောက်လှမ်းလာခဲ့သည်မှာ ယနေ့တွင် တတိယအစည်းအဝေးအထိ ရောက်ရှိလာခဲ့ပါကြောင်း၊ ယခုကဲ့သို့ ညီလာခံအစည်းအဝေးကို ရောက်ရှိနိုင်ရန်အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ အစုအဖွဲ့နှင့် တစ်ဖွဲ့ချင်းစီက ဆွေးနွေးပြုစုတင်ပြလာသည့် မူဝါဒအဆိုပြုစာတမ်းများကို အချိန်ယူပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့ နိုင်ငံ၌ အရေးတကြီးလိုအပ်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံရေးစိတ်ရင်း စေတနာ အပြည့်အဝနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

မတူကွဲပြားမှုများအကြားတွင် တူညီသော ဘုံသဘောထားများကို စုစည်းရယူနိုင်မည်ဆိုပါက မိမိတို့၏ မတူညီကွဲပြားမှုများသည် ပြည်ထောင်စု၏ အင်အားအဖြစ် သမိုင်းဝင် ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးဆွေးနွေးပွဲများ၏ အဆင့်အမြင့်ဆုံး စားပွဲဝိုင်းသည် မိမိတို့၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးပင်ဖြစ်ပါကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် မရှိခဲ့ဖူးသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ညီလာခံကြီးဖြစ်ပေါ်လာချိန်တွင် မိမိတို့အားလုံး အလေးအနက်တန်ဖိုးထားကြရန် အထူးပင်အရေးကြီးပါကြောင်း၊ သမိုင်းက အပ်နှင်းလာသည့် အခွင့်အရေးပင်ဖြစ်ပါကြောင်း၊ သမိုင်းတစ်လျှောက် မကြုံစဖူး ထူးထူးကဲကဲရရှိလာသည့် ယခုအခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ အခြေခံအုတ်မြစ်များ စိုက်ထူနိုင်အောင် ညီလာခံကိုယ်စားလှယ်ကြီးများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်းလိုပါကြောင်း။

NCA အရ ဖြတ်သန်းလာခဲ့သည့် ခရီးလမ်းတစ်လျှောက် ပြန်ပြောင်းကြည့်မည်ဆိုပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်း၏ အသီးအပွင့်အဖြစ် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးလာမှုနှင့်အတူ စိုးရိမ်ကြောင့်ကြမှုများကို ဖယ်ရှားပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အပစ်ရပ်လုပ်ငန်းစဉ်များတွင် အရပ်သားစောင့်ကြည့်ရေးများ ပါဝင်လာမှုသည်လည်း မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုများ ပိုမိုပြီး တိုးတက်လာစေမည်ဟု ခံယူထားပါကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့၏ နိုင်ငံရေးဆွေးနွေးမှုများမှ ရလဒ်ကောင်းများ၊ အရေးကြီးသည့် သဘောတူညီချက်များ ရှေ့ကိုတိုးပြီး ရရှိလာအောင် ကြိုးပမ်းကြရာတွင် ခေတ်အဆက်ဆက်သဘောထားကွဲလွဲမှုများကို အပြန်အလှန်နားလည်မှု၊ အပြန်အလှန်အရေးထားမှုနှင့် ပဋိပက္ခများနေရာတွင် ပေါင်းစည်းမှုများကို အစားထိုးတည်ဆောက်နိုင်အောင် ကြိုးပမ်းအားထုတ်နေကြခြင်းဖြစ်ပါကြောင်း။

မိမိတို့၏ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ သဘောတူညီချက်များ ရရှိပြီးမှ ချန်ထားခဲ့ရသည့် ပြည်ထောင်စုက ခွဲထွက်မသွားရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံမူများကိုလည်း လေးနက်သိမ်မွေ့ခြင်းကို အားလုံးလက်ခံထားသည့်အလျောက် ယခု တတိယအစည်းအဝေးပြီးပါက သဘောတူညီချက်ရရှိအောင် မိမိတို့က မဖြစ်မနေ ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ မိမိတို့ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ဆက်လက်ဆောင်ရွက်ရမည့် အလုပ်အကျွေး၊ အလုပ်အကျန်တစ်ခုဟု ပြောနိုင်ပါကြောင်း။

ယနေ့နံနက်ပိုင်း ညီလာခံအဖွင့် အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တိုက်တွန်းသကဲ့သို့ ၂၀၁၉ ခုနှစ်အထိ (၂၁)ရာစုပင်လုံညီလာခံအစည်းအဝေး (၃) ကြိမ်ကျင်းပနိုင်ရန်၊ ညီလာခံအစည်းအဝေး (၃) ကြိမ်အပြီးတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူအုတ်မြစ်များ အပြီးအပြတ် ချမှတ်နိုင်အောင် ကြိုးပမ်းပေးကြရန် ညီလာခံကိုယ်စားလှယ်တော်ကြီးများကို ထပ်လောင်းပြီး တိုက်တွန်းလိုပါကြောင်း၊ ၎င်းမှာ မဖြစ်နိုင်သည့် ရည်မှန်းချက် မဟုတ်သကဲ့သို့ UPDJC အထိ သဘောတူညီချက်ရရှိပြီးသည့် အခြေခံမူများလည်းဖြစ်ပါကြောင်း၊ စေ့စပ်ညှိနှိုင်းကြရာတွင် အစုအဖွဲ့အားလုံးမှ လိုချင်သည်များကို ရာခိုင်နှုန်းပြည့် ရရှိနိုင်မည်မဟုတ်ပါကြောင်း။

အရေးအကြီးဆုံးမှာ မိမိတစ်စုတစ်ဖွဲ့အကျိုးစီးပွားထက်၊ မိမိတို့အစုအဖွဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို မျက်မှောက်ပြုရန် ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေသည့် တိုင်းရင်းသားပြည်သူများ၊ နောင်လာမည့် မျိုးဆက်သစ်များ၏ မျက်နှာကို ထောက်ရှုရန် အထူးမီးမောင်းထိုး တိုက်တွန်းပြောကြားလိုပါကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူအားလုံးက ပိုင်ပါကြောင်း၊ မိမိတို့အထဲက မည်သည့်အစုအဖွဲ့၊ မည်သည့် အဖွဲ့အစည်းတစ်ခုတည်းကမှ ပိုင်ဆိုင်ခြင်း မဟုတ်ပါကြောင်း၊ ယင်းအချက်ကို အထူးသတိချပ် နှလုံးသွင်းကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ မိမိတို့ညီလာခံကြီးက ရရှိလာသည့် အခြေခံမူများကို အကောင်အထည်ဖော်သည့်အခါ အကျိုးကျေးဇူးခံစားရမည်မှာ

**စာမျက်နှာ ၁၂ သို့**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားထုတ်ကြိုးပမ်းသွားကြစေလို

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

### နှုတ်ခွန်းဆက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ကြွရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ပြည်တွင်း၊ ပြည်ပမှ အထူးဧည့်သည်တော်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာသူများနှင့် ဧည့်သည်တော်များအားလုံး၊ နိုင်ငံတစ်ဝန်းနဲ့ နိုင်ငံရပ်ခြားနေရာအနှံ့အပြားကနေ ရုပ်မြင်သံကြားတိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုနေကြတဲ့ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ ညီလာခံခန်းမကြီးအတွင်းမှာ ကျွန်မတို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အရေးကြီးလှတဲ့ သက်ဆိုင်သူ ခေါင်းဆောင်အားလုံး စုံစုံညီညီနဲ့ ရောက်ရှိနေကြပါပြီ။ ယခုလို စုံစုံညီညီ တက်ရောက်လာနိုင်အောင် အဘက်ဘက်က ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသူ ပြည်တွင်း၊ ပြည်ပက မိတ်ဆွေများအားလုံးကို ကျေးဇူးဥပကာရ အထူးပဲတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိကြပါတယ်။ လွတ်လပ်ရေးရရှိပြီးတဲ့နောက်ပိုင်း အားလုံး စည်းလုံးညီညွတ်စွာနဲ့ အားလုံးယုံကြည်တန်ဖိုးထားနိုင်တဲ့ ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ခြင်းမရှိခဲ့တဲ့အတွက် ဒီကနေ့အထိ ကျွန်မတို့အချင်းချင်းအကြားမှာ သံသယတွေ၊ မယုံကြည်မှုတွေ၊ ရန်လိုမုန်းတီးမှုတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ နှစ်ပေါင်းခုနစ်ဆယ်ကျော် ကြာမြင့်ခဲ့တဲ့အထိ သက်တမ်းရှည်ကြာခဲ့ရပါတယ်။ ဒီလို သက်တမ်းရှည်ကြာခဲ့ပြီဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြားမှာ စတေးပေးဆပ်ခဲ့ရတာကတော့ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေရဲ့ မျှော်လင့်ချက် အိပ်မက်တွေပဲဖြစ်ပါတယ်။ ပြည်ထောင်စုကြီးရဲ့ သမိုင်းအဆက်ဆက် မပြည့်ဝနိုင်ခဲ့ဘဲ မျှော်လေတိုင်း အလှမ်းဝေးခဲ့ရတဲ့ ငြိမ်းချမ်းရေးကို လက်ဆုပ်လက်ကိုင်ရရှိဖို့ဟာ ဒီကနေ့၊ ဒီအချိန်၊ ဒီခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ အစုအဖွဲ့အသီးသီးရဲ့ စိတ်ဆုံးဖြတ်ချက်တွေပေါ်မှာ တည်မှီနေတယ်လို့ပဲ ပြောပါရစေ။

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA)

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ဆိုတာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အဆိုပြုချက်တွေကို အခြေပြုပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့နဲ့ ဆွေးနွေးပြီး ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာနေပြီဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် အဓိကတံခါးပေါက်လည်းဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ပဋိပက္ခဒေသတွေမှာ နေထိုင်ခဲ့ရပြီး လက်နက်ကိုင်တိုက်ခိုက်မှုတွေအကြား မြေစာပင်ဖြစ်ခဲ့ရတဲ့ တိုင်းရင်းသားပြည်သူတွေဟာလည်း NCA ကနေ ဖန်တီးပေးလိုက်တဲ့ အပစ်အခတ်ရပ်စဲမှုတွေကြောင့် လုံခြုံမှုနဲ့ တည်ငြိမ်မှု အသီးအပွင့်တွေကို တဖြည်းဖြည်းချင်း တိုးမြှင့်ရရှိခံစားနေကြရပါပြီ။

တကယ်တော့ NCA ဆိုတာ မတူကွဲပြားတဲ့ အင်အားစုတွေအကြား ရခဲလှတဲ့ ဆုံချက်တစ်ခု၊ မျှခြေတစ်ရပ်အနေနဲ့ ထွက်ပေါ်လာခဲ့တာပဲဖြစ်ပါတယ်။ ခိုင်မာတဲ့ စာချုပ်စာတမ်းတစ်ခု၊ ပဋိညာဉ်စာတမ်းတစ်ရပ်အဖြစ် တိုင်းသိ၊ ပြည်သိ၊ နိုင်ငံတကာ အသိအမှတ်ပြုမှုနဲ့အတူ ပေါက်ဖွားလာခဲ့တာဖြစ်ပါတယ်။ ဒီသဘောတူစာချုပ် ပဋိညာဉ်တစ်ရပ်ရရှိလာဖို့ သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ ပြီးခဲ့တဲ့အစိုးရခေါင်းဆောင်တွေ၊ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ နှစ်ရှည်လများ ဆွေးနွေးညှိနှိုင်းခဲ့ကြတာဖြစ်ပါတယ်။ အလုံးစုံပြီးပြည့်စုံပြီ မဆိုနိုင်ပေမယ့် ရန်ဘက်အသွင်ဆောင်၊ တိုက်ပွဲတွေ ဖော်ဆောင်ခဲ့ကြသူတွေအကြားမှာ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ပဋိညာဉ်တစ်ရပ်ရရှိအောင် အပင်ပန်းခံပြီး စိတ်ရင်းစေတနာကောင်းနဲ့ စေ့စပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသူအားလုံးကိုလည်း တိုင်းရင်းသား ပြည်သူလူထုရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။

ဒီကနေ့ ဒီအချိန်မှာ NCA ကနေ အစပြုခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပစ်ခတ်တိုက်ခိုက်မှုတွေ လျော့နည်းကျဆင်းလာအောင် အထောက်အကူပြုနိုင်ခဲ့သလို ကျွန်မတို့ရဲ့ သမိုင်းကြောင်းတစ်လျှောက် ပြန်ကြည့်လိုက်ရင် ဘယ်ခေတ်ဘယ်အခါကမှ မပေါ်ပေါက်ခဲ့ဖူးတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ရုံသာမက နိုင်ငံရေးသဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူညီချက်ရဲ့ အစိတ်အပိုင်းတွေအဖြစ် လက်မှတ်ရေးထိုးနိုင်တဲ့အခြေအနေအထိ တိုးတက်ရောက်ရှိလာခဲ့ပါပြီ။

### NCA လက်မှတ်မထိုးသေးသည့် အဖွဲ့များ ပါဝင်လာရေး

ဒါပေမယ့်လည်း ကျွန်မတို့ရဲ့ NCA ထီးရိပ်အောက်ကို ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အစပိုင်းမှာ ထဲထဲဝင်ဝင်ပါဝင်၊ အားကြိုးမာန်တက် ဆွေးနွေးခဲ့ကြတဲ့ အစုအဖွဲ့အချို့ ပါဝင်လာနိုင်ခြင်း မရှိသေးပါဘူး။ အလားတူ အစိုးရနဲ့ နှစ်ဖက်သဘောတူညီချက် Bilateral Agreement တွေကို စောင့်ထိန်းလိုက်နာပြီး ပဋိပက္ခနဲ့ တိုက်ပွဲတွေကို ရှောင်ရှားနိုင်တဲ့ အစုအဖွဲ့တွေလည်း ပါဝင်လာနိုင်ခြင်း မရှိသေးပါဘူး။ ဒီအဖွဲ့တွေ ပါဝင်လာနိုင်ဖို့ကိုလည်း ကျွန်မတို့ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါး အစဉ်အမြဲ ဖွင့်လှစ်ထားပြီး တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်းနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အလုံးစုံအားလုံးပါဝင်နိုင်ဖို့ အင်မတန်မှ ခက်ခဲနိုင်မယ်ဆိုတာ သိထားပေမယ့်လည်း ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုရဲ့ သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲတွေဟာ ဒီအဖွဲ့တွေ ပါဝင်လာနိုင်ခြင်း မရှိသေးတာကြောင့် ပြီးပြည့်စုံပြီလို့ မဆိုနိုင်သေးပါဘူး။ လစ်ဟာချက်ကို ဖြည့်ဆည်းနိုင်ဖို့ ကျွန်မတို့အနေနဲ့ အချိန်တိုင်း ဆက်ပြီးကြိုးစားနေဦးမှာပါပဲ။ ကျွန်မပြောကြားနေတဲ့ အခုအချိန်မှာ ဒီအဖွဲ့တွေအားလုံးရဲ့ ကိုယ်စားလှယ်တွေဟာ ဒီကနေ့ ညီလာခံဖွင့်ပွဲခန်းမကြီးထဲမှာ ရောက်ရှိနေကြပါပြီ။

ခုလို စုံစုံညီညီ ရောက်ရှိနေတဲ့ အစုအဖွဲ့အသီးသီးကို အလေးအနက်ထားပြီး ရှင်းလင်းပြောကြားချင်ပါတယ်။ NCA ဟာ အင်အားစုအားလုံးကို ဆုံစည်းနိုင်အောင် ဆောင်ကြဉ်းပေးခဲ့တဲ့ ဆုံမှတ်တစ်ခုဖြစ်သလို ကျွန်မတို့အားလုံးရဲ့ ပန်းတိုင်ကို ဆက်ပြီးလျှောက်လှမ်းနိုင်အောင် အစပြုပေးခဲ့တဲ့ စမှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်မတို့ဟာ NCA သဘောတူညီချက်တွေမှာပဲ ရပ်တန့်နေတာ၊ ရပ်ဆိုင်းနေတာ မဟုတ်ပါဘူး။ NCA ကနေ ထွက်ပေါ်လာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက်ကြိုးပမ်းရင်းနဲ့ ပထမခြေလှမ်းအဖြစ်နဲ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၁)ကို (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ ကျွန်မတို့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ညီလာခံတတိယအစည်းအဝေးရဲ့ နောက်ဆုံးရက်မှာ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၂)ကို ဒုတိယခြေလှမ်းအဖြစ်နဲ့ ကျွန်မတို့ လက်မှတ်ရေးထိုးနိုင်အောင် ဆွေးနွေးညှိနှိုင်းကြတော့မှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ပန်းတိုင်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးညီလာခံကြီးဟာ အရေးကြီးတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေကို ချမှတ်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းနေတဲ့ နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းပါပဲ။ ပထမခြေလှမ်းတက်လှမ်းပြီးတဲ့နောက် ဒုတိယခြေလှမ်းကို ဆက်ပြီး တက်လှမ်းနိုင်ဖို့ ကျွန်မတို့ တစ်နှစ်လောက်အထိ အချိန်ယူခဲ့ရပါတယ်။ ဒီညီလာခံကြီးအပြီးမှာလည်း ကျွန်မတို့ အားလုံးအနေနဲ့ တတိယခြေလှမ်းကို ဆက်လက်တက်လှမ်းနိုင်ဖို့ ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အထူးအလေးပေးပြီး ပြောကြားလိုတာကတော့ နိုင်ငံရေးပြဿနာတွေကို ညှိနှိုင်းဖြေရှင်းကြရာမှာ အရေးကြီးဆုံးက ကျွန်မတို့အားလုံး ရပ်တန့်မနေဘဲ ရှေ့ကိုဆက်ပြီး လျှောက်လှမ်းနေဖို့၊ ခြေတစ်လှမ်းနဲ့တစ်လှမ်းအကြား အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံ ဘယ်လိုပင် ကြုံတွေ့လာစေကာမူ စိတ်မပျက်၊ အားမလျှော့ဘဲ ရှန်းထရှင်သန်ပြီး ရှေ့ကိုလျှောက်လှမ်းနေဖို့၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုကို လျှောက်လှမ်းရာ ခရီးလမ်းပေါ်မှာ ခိုင်မာတဲ့စိတ်ဓာတ်နဲ့ ဆက်ပြီးလျှောက်လှမ်းနိုင်အောင် သန္နိဋ္ဌာန်နဲ့ အားထုတ်ကြိုးပမ်းနေကြဖို့ပဲ ဖြစ်ပါတယ်။ ဒီအခြေအနေမှာ မပါဝင်နိုင်သေးတဲ့ အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်နိုင်ဖို့အတွက် ရှေ့ဆက်ဖြစ်နိုင်ခြေနဲ့ ပကတိတည်ရှိနေတဲ့ လက်တွေ့အခြေအနေတွေကနေ စတင်ကြဖို့၊ ကျွန်မတို့နဲ့အတူ ပူးပေါင်းပါဝင် လျှောက်လှမ်းကြဖို့ အလေးအနက်ထားပြီး တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုအတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တစ်ခုတည်းနဲ့ မလုံလောက်၊ မပြည့်စုံနိုင်ပါဘူး။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ကျွန်မတို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အစိုးရအမျိုးမျိုးက ကိုယ်စီကိုယ်စီ ကြိုးပမ်းခဲ့ကြပြီးဖြစ်ပါတယ်။ သေနတ်တစ်ချက်ဖောက်လိုက်တာနဲ့ ရရှိထားသော အပစ်ရပ်သဘောတူညီချက်တွေ ပျက်ပြယ်သွားပြီးတော့ လက်နက်ကိုင်ပဋိပက္ခ သံသရာမှာ ပြန်ပြီးလည်ခဲ့ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ပြေလည်အောင် ဖြေရှင်းနိုင်ဖို့ဆိုတာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အနှစ်နှစ်အလလ တောင်းဆိုချက်ပဲဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဟာ ပင်ရင်းမူလအငြင်းပွားခဲ့ကြတဲ့ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းနိုင်လို့ ဆိုတာလည်း ကာလရှည်ကြာ လက်ခံထားခဲ့ကြပြီးဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ (၂၁) ရာစုပင်လုံညီလာခံမှာ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို အကျေအလည် ညှိနှိုင်းဖြေရှင်းနိုင်ဖို့ ဒီကနေ့ကြိုးပမ်းနေကြတာပါ။

လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းစေဖို့အတွက် မတူကွဲပြားတဲ့ အင်အားစုတွေအကြား အားလုံးသဘောတူလက်ခံနိုင်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေ၊ နိုင်ငံရေး ပဋိညာဉ်တွေရရှိဖို့ အထူးပဲအရေးကြီးလှပါတယ်။ ပြည်သူ့ဆန္ဒနဲ့အညီ အစိုးရတာဝန်များကို ယခုထမ်းဆောင်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီအဖြစ် စတင်ရပ်တည်ခဲ့ချိန်ကစပြီး နိုင်ငံရေးပြဿနာတွေ ဖြေရှင်းနိုင်ဖို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာ ဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်ကို စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းဖို့ ဖက်ဒရယ်စနစ်တည်ဆောက်ဖို့ လိုတယ်ဆိုတာကို အစဉ်တစိုက် ပြောနေခဲ့တာပါ။ တစ်ချိန်က "ဖက်ဒရယ်"ဆိုတဲ့ဝေါဟာရကို လုံးဝလက်မခံခဲ့တဲ့ ရပ်တည်ချက်တွေဟာ ပြောင်းလဲခဲ့ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းဖို့ NCA စာချုပ်မှာပင် လက်မှတ်ရေးထိုးပြီး ကတိကဝတ်ပြုထားကြပြီးဖြစ်ပါတယ်။

**❒ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုအတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တစ်ခုတည်းနဲ့ မလုံလောက်၊ မပြည့်စုံနိုင်ပါဘူး။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ကျွန်မတို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အစိုးရအမျိုးမျိုးက ကိုယ်စီကိုယ်စီ ကြိုးပမ်းခဲ့ကြပြီးဖြစ်ပါတယ်။**

**❒ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဟာ ပင်ရင်း မူလအငြင်းပွားခဲ့ကြတဲ့ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းနိုင်လို့ ဆိုတာလည်း ကာလရှည်ကြာ လက်ခံထားခဲ့ကြပြီး ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ (၂၁)ရာစု ပင်လုံညီလာခံမှာ လက်နက်ကိုင် ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို အကျေအလည် ညှိနှိုင်းဖြေရှင်းနိုင်ဖို့ ဒီကနေ့ ကြိုးပမ်းနေကြတာပါ။**

**စာမျက်နှာ ၇ သို့ ☆**

**❒ ဒီတာဝန်ဟာ ကြီးလေးတယ်၊ လေးလံတယ်၊ ဖိအားများတယ်ဆိုပြီး ကျွန်မတို့ ရှောင်လွှဲကြမှာလား။ ဘယ်လောက်ပဲ ကြီးလေးကြီးလေး၊ ဘယ်လောက်ပဲ လေးလံလေးလံ ညီညွတ်မှုနဲ့ စုပေါင်းအင်အားသာရှိမယ်ဆိုရင် ဒီအခြေအနေတွေကို တစ်မုဟုတ်ချင်း ကျွန်မတို့ ပြောင်းလဲပစ်နိုင်ပါတယ်။ ဒီလိုပြောင်းလဲပစ်နိုင်မယ့် အခွင့်အရေးကလည်း ကျွန်မတို့ အားလုံးရဲ့ရှေ့မှောက် လက်တစ်ကမ်းအကွာမှာ ရှိနေပါပြီ။**

☆ စာမျက်နှာ ၆ မှ

သို့သော်လည်း ယခုတိုင် **"ဖက်ဒရယ်"**ကိစ္စနဲ့ပတ်သက်ပြီး လိုအပ်တဲ့သဘောတူညီမှုတွေ မရယူနိုင်ကြခြင်းက ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ အပြီးအပိုင်၊ အပြည့်အဝ အောင်မြင်ခြင်းကို နှောင့်နှေးစေပါတယ်။ **"ဖက်ဒရယ်"**ဆိုတဲ့ အသုံးအနှုန်းကို အဓိပ္ပာယ်ကောက်လွဲမှားပြီး အဆိုးမြင်ကာ ငြင်းပယ်ခဲ့ကြတဲ့ ကာလတစ်လျှောက်မှာ **"ဖက်ဒရယ်"**ဆိုတာ ခွဲထွက်ရေးဘက်ကို ပို့တဲ့စနစ်မဟုတ်၊ ညီညွတ်ရေးကို ခိုင်မာစေမယ့်စနစ်ဖြစ်ကြောင်းကို ကျွန်မတို့ မမောမပန်း မရေတွက်နိုင်တော့တဲ့ အကြိမ်ပေါင်းများစွာ ပြောဆို၊ ကြေညာခဲ့ပါတယ်။

ယခု NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့အစည်းများသာမက ပြည်ထောင်စုတည်ဆောက်ရေးကို လိုလားတောင့်တသူအားလုံးဟာ ကျွန်မတို့လိုပဲ တွေးခေါ်လာကြပါပြီ။ ဒါကြောင့် **"ဖက်ဒရယ်"**ကို အကောင်အထည်ဖော်ရာမှာ အဓိကကျတဲ့ အခြေခံသဘောတရားတွေဖြစ်တဲ့ ပြည်ထောင်စုမှ ခွဲမထွက်ရေးမူ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူများနဲ့ ပတ်သက်တဲ့အမြင်တွေ ညှိဖို့က အင်မတန်အရေးကြီးသလို အင်မတန် နက်နဲ၊ သိမ်မွေ့တဲ့ကိစ္စဖြစ်ပါတယ်။ ယခုအစည်းအဝေးမှာ ဒီကိစ္စဆွေးနွေးရေး အစီအစဉ်ထဲမှာ မပါပေမယ့် ဒီကိစ္စရဲ့ ကြီးမားတဲ့အရေးပါမှုကို ကျွန်မတို့အားလုံး သတိရှိနေကြမယ်ဆိုတာ ယုံမှားသံသယ ရှိစရာမလိုပါဘူး။ တစ်ချိန်တည်းမှာ နိုင်ငံသူ နိုင်ငံသားများအတွက် အလုံခြုံဆုံး၊ အကောင်းဆုံးဖြစ်မယ့် ငြိမ်းချမ်းသာယာတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးသို့ ဦးတည်ဖို့လိုတယ်ဆိုတာ အားလုံးနှလုံးသွင်းထားစေချင်ပါတယ်။ ကိုယ့်အတွက်၊ ကိုယ့်အစုအဖွဲ့အတွက် မဟုတ်၊ ကျွန်မတို့ ချစ်ခင်လေးစား တန်ဖိုးထားရတဲ့ ပြည်သူတွေအတွက်သာ ဖြစ်ရပါမယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဟာ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုကြီးအတွက် အလိုအပ်ဆုံး၊ အရေးကြီးဆုံး ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ဦးရာလူခံစားရမယ်ဆိုတာမျိုးလည်း မဖြစ်စေချင်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေကတော့ အချိန်အများကြီး မစောင့်ဆိုင်းချင်ကြပါဘူး။

မိမိတို့နေထိုင်ရာ တိုင်းရင်းသားနယ်မြေဒေသတွေမှာ လွတ်လွတ်လပ်လပ် သွားလာနိုင်ဖို့၊ အေးအေးချမ်းချမ်းနဲ့ ပရိယေသန ရှာမှီးခွင့်ရရှိနိုင်ဖို့၊ ဒေသဖွံ့ဖြိုးရေးနဲ့ စီးပွားရေးအခွင့်အလမ်းတွေကို ကိုယ်တိုင်ပါဝင် ရွေးချယ်ခွင့်ရရှိနိုင်ဖို့ ကျွန်မတို့ပြည်သူတွေ အချိန်ကာလအားဖြင့် နှစ်ပေါင်း(၇၀) ကျော်စောင့်ဆိုင်းခဲ့ရပြီးဖြစ်တဲ့အတွက် ဆက်လက်ပြီး အချိန်ရှည်ကြာ မစောင့်ဆိုင်းနိုင်ကြတော့ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ဦးရာလူဝေစုစနစ် မဟုတ်ပေမယ့် အမြော်အမြင်ရှိတဲ့လူ၊ အားထုတ်မှုရှိတဲ့သူတွေက နေထွက်လာတာကို ဦးဦးဖျားဖျား မြင်တွေ့ရသလိုပဲ ငြိမ်းချမ်းရေး အကျိုးကျေးဇူးကို အရင်ဆုံး၊ အဦးဆုံး ခံစားကြရမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ နိုင်ငံရေးဆွေးနွေးပွဲ ကြန့်ကြာမှု၊ နှောင့်နှေးမှုတွေကြောင့် ကျွန်မတို့ပြည်သူတွေရဲ့ အခွင့်အလမ်းတွေကို အလဟဿဖြုန်းတီးရာ ရောက်ရှိသွားမှာကိုလည်း စိုးရိမ်မိကြောင်း အထူးအလေးအနက်ထားပြီး ထောက်ပြလိုပါတယ်။

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေး**

ပြီးခဲ့တဲ့ ညီလာခံနဲ့ ဒီကနေ့ညီလာခံကြားမှာ ကျွန်မတို့ အချိန်အားဖြင့် တစ်နှစ်တင်းတင်း ကြာမြင့်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီကြားထဲမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အမျိုးမျိုးအဖုံဖုံ ကြုံတွေ့ခဲ့ရပေမယ့်လည်း အင်အားစုအားလုံးရဲ့ ဆုံချက်ဖြစ်တဲ့ NCA ကို အခြေပြုပြီး ပြန်လည်သုံးသပ်ပြီးတော့ အလွတ်သဘော ဆွေးနွေးပွဲတွေ၊ ဘေးတိုက်ဆွေးနွေးပွဲတွေ ကြိမ်ဖန်များစွာ ပြုလုပ်ပြီး ဒီညီလာခံကို ကျင်းပနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဘယ်လောက်ပဲရှိရှိ၊ ဘယ်လိုပဲ ကြုံကြုံ ငြိမ်းချမ်းရေးကို မရ ရအောင် ကြိုးပမ်းမယ်ဆိုတဲ့ သန္နိဋ္ဌာန်ရှိနေရင် ကျွန်မတို့အားလုံး အတူတကွ လက်တွဲပူးပေါင်းပြီး ကျော်လွှားနိုင်မှာပါ။ ကျွန်မတို့ ကြိုးစားရင် ရနိုင်တယ်ဆိုတာကို ပြီးခဲ့တဲ့ညီလာခံမှာ လက်တွေ့မှတ်ကျောက်တင်ခဲ့ပြီးပါပြီ။ ပြီးခဲ့တဲ့ညီလာခံအတွေ့အကြုံကို အခြေခံပြီး အစုအဖွဲ့အသီးသီးက ပြန်လည်သုံးသပ်မှုတွေ ပြုလုပ်ခဲ့ကြတယ်။ ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးမှု ဖွဲ့စည်းတည်ဆောက်မှုအဆင့်ဆင့်ကို အားလုံးညှိနှိုင်းရေးဆွဲခဲ့ကြပြီးတော့ အခုညီလာခံကို ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ဆိုတာ လိုအပ်ရင်လိုအပ်သလို အစုအဖွဲ့အားလုံး သဘောတူညီချက်နဲ့ ပြန်လည်သုံးသပ် ပြင်ဆင်မှုတွေ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ နိုင်ငံရေးဆွေးနွေးမှုတွေ အရှိန်အဟုန် ပိုမိုကောင်းမွန်လာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားပါမယ်။ အားလုံးသဘောတူလက်ခံနိုင်ပြီး ယုံကြည်မှုခိုင်ခိုင်မာမာရှိနိုင်မယ့် နိုင်ငံရေးဆွေးနွေးမှုနဲ့ ငြိမ်းချမ်းရေးမဟာဗျူဟာတစ်ရပ် ထွက်ပေါ်လာနိုင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်တွေ့ကြုံတွေ့လာရတဲ့ အခက်အခဲတွေကို ထင်ဟပ်နိုင်တဲ့ မူဘောင်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို စဉ်တိုက်ဆက်တိုက် ဆောင်ရွက်သွားပြီး ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေးကို မမှိတ်မသုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

**NCA ရဲ့ အသီးအပွင့်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီးတော့ လက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တွေအားလုံးက အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ NCA အရ အကောင်အထည်ဖော်မှုမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ် ခိုင်မာရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ် အောင်မြင်ရေးဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဒီနှစ်ခုကလည်း တစ်ခုနဲ့တစ်ခု အပြန်အလှန်သက်ရောက်မှုရှိနေတာ ဖြစ်ပါတယ်။ တစ်ဖက်ဖက်မှာ တင်းမာမှုတွေ၊ တစ်ဆို့မှုတွေ ဖြစ်ပေါ်လာရင် အခြားတစ်ဖက်ကို ရောင်ပြန်ဟပ်ပြီး တင်းမာမှုတွေ၊ တစ်ဆို့မှုတွေ ဖြစ်ပေါ်စေတတ်တဲ့ အခြေအနေတွေကို ကျွန်မတို့ ကြုံတွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ ဒီအခြေအနေတွေကို သတိပြုပြီးတော့ NCA ရဲ့ အသီးအပွင့်အနေနဲ့ ရရှိလာခဲ့တဲ့ ပဋိပက္ခဖြစ်ပွားမှုတွေ လျော့ကျလာခြင်း၊ တစ်ဖက်နဲ့တစ်ဖက် အငြင်းပွားမှုတွေ ပေါ်ပေါက်လာရင် စားပွဲဝိုင်းမှာ ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးညှိနှိုင်းခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစောင့်ကြည့်မှု ယန္တရားအဆင့်ဆင့်မှာ အရပ်သား၊ တိုင်းရင်းသားပြည်သူတွေ ပါဝင်မှုတိုးမြင့်လာခြင်းစတဲ့ ကောင်းမွန်တဲ့ အခြေအနေကောင်းတွေကို ဆက်လက်ထိန်းသိမ်းပေးဖို့ ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ တင်းမာမှုတွေ၊ ပဋိပက္ခတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်ပေါ်လာရင် NCA သဘောတူညီချက်တွေကို လေးစားလိုက်နာပြီး NCA အရ ဖြစ်ပေါ်လာတဲ့ JMC ယန္တရားရဲ့ အခန်းကဏ္ဍကို လေးလေးစားစားရှိကြဖို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

**အပေးအယူ၊ အလျှော့အတင်းတွေနဲ့ စေ့စပ်ညှိနှိုင်း**

အလားတူပဲ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေမှာ ဖြစ်ပေါ်နေတဲ့ ကွဲလွဲမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ပါဝင်တဲ့ဆွေးနွေးဖက် အစုအဖွဲ့အသီးသီးအနေနဲ့ ပိုမိုကွဲလွဲစေနိုင်တာကို သတိထားရှောင်ရှားပြီး ပိုမိုဆုံစည်း၊ ပိုမိုစုစည်းနိုင်စေမယ့် အခြေအနေတွေကို ဦးတည်ပြီးတော့ အားလုံးလက်ခံနိုင်တဲ့ အဖြေတစ်ခုကို ဝိုင်းဝန်းကြိုးစား ရှာဖွေပေးကြဖို့၊ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မျှော်မှန်းပြီး ဘက်တစ်ဖက်တည်း၊ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ မူဝါဒတွေ၊ ရပ်တည်ချက်တွေပေါ်မှာပဲ ဖက်တွယ်မထားဘဲ အားလုံးနဲ့ညှိနှိုင်းပြီး အပေးအယူ၊ အလျှော့အတင်းတွေနဲ့ စေ့စပ်ညှိနှိုင်းပြီးတော့ ကွဲလွဲမှုတွေကို ကျော်လွှားနိုင်ဖို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။

အရေးကြီးဆုံးကတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အရ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွေကို အထူးအလေးထား အာရုံစိုက်ပြီး အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်နေကြချိန်မှာ ပဋိပက္ခဒေသမှာရှိနေတဲ့ ကျွန်မတို့ တိုင်းရင်းသားပြည်သူလူထုရဲ့ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားအခြေအနေတွေ တိုးတက်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားဖို့ ကျွန်မတို့အစိုးရအနေနဲ့လည်းကောင်း၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး Public-Private Partnership-PPP လုပ်ငန်းစဉ်တွေကတစ်ဆင့် လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ဒီလုပ်ငန်းစဉ်မှာ သက်ဆိုင်ရာအစုအဖွဲ့အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

ကျွန်မတို့အားလုံး အတူတကွ လက်တွဲလျှောက်လှမ်းနေကြတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းခရီးမှာ အန္တိမအဆုံးပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်ဟာ ၂၀၁၁ ခုနှစ်ကစတင်ပြီး ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ အစုအဖွဲ့တွေအကြား ချုပ်ဆိုထားကြတဲ့ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် Bilateral Agreement တွေကနေ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဖြစ်တဲ့ NCA၊ ဒီကနေ တစ်ဆင့်ပြီးတစ်ဆင့် ပြည်ထောင်စုသဘောတူစာချုပ် Union Accord ရဲ့ အစိတ်အပိုင်းတွေအထိ တစ်ဆင့်ပြီးတစ်ဆင့် ခရီးပေါက်လို့ ရှေ့ကိုရောက်လာခဲ့ပါပြီ။

ကျွန်မတို့အားလုံး လက်တွဲပူးပေါင်းပြီး လျှောက်လှမ်းကြမယ်လို့ စိတ်ပိုင်းဖြတ် သန္နိဋ္ဌာန်ချမှတ်ထားကြပြီးဖြစ်တဲ့အလျောက် ရှေ့ကိုပေါက်အောင် ဆက်လက်ပြီး ရှေ့ကိုရောက်အောင် လျှောက်လှမ်းကြရာမှာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြတဲ့ သူတွေအချင်းချင်း တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီကြဖို့ အရေးကြီးပါတယ်။ ပန်းတိုင်တူ၊ လမ်းကြောင်းတူနေပြီဖြစ်တဲ့ ဒီလိုအချိန်မှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆိုသလို ဝိဝါဒကွဲပြားစရာ အဖြေရှာမှုတွေ ထွေပြားများမြောင်လာမယ်ဆိုရင် အားလုံးမျှော်မှန်းတဲ့ရလဒ်နဲ့လည်း ဝေးကွာလာနိုင်တာကို အထူးသတိပြုကြဖို့ ပြောကြားလိုပါတယ်။ အားလုံးညှိနှိုင်းလက်ခံပြီးတဲ့နောက်မှာ အခုတစ်မျိုး တော်ကြာတစ်မျိုး အနေအထားတွေ မကြာခဏဖြစ်ပေါ်လာရင် ယုံကြည်မှုတွေ ပျက်ပြားသွားစေနိုင်သလို ငါ့မြင်း ငါစိုင်းဆိုတဲ့ အခြေအနေတွေနဲ့လည်း ကြုံတွေ့လာရနိုင်ပါတယ်။ ငြိမ်းချမ်းရေးဟာ ဖိအားပေးပြီး ရယူနိုင်တာမျိုးမဟုတ်ဘဲ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ကြရတာမျိုး ဖြစ်ပါတယ်။ အမှောင်ထုကို အမှောင်ထုနဲ့ ဖြိုခွင်းနိုင်မှာမဟုတ်ဘဲ အလင်းတန်းနဲ့သာ ဖြိုခွင်းဖယ်ရှားနိုင်တာ ဖြစ်ပါတယ်။ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ၊ ငြိမ်းချမ်းရေးအလင်းရောင်ရစေမယ့် ဖြစ်စဉ်မှာ မပါဝင်ကြသေးတဲ့ အင်အားစုတွေ၊ ပုဂ္ဂိုလ်တွေကို ကျွန်မတို့ ပြည်ထောင်စုကြီးအပေါ် စေတနာထား၊ သစ္စာစောင့်ပြီး ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ အစဉ်အမြဲ ကြိုဆိုလျက်ပါ။

ဒီကနေ့ ဒီအချိန်မှာ အားလုံးသိတဲ့အတိုင်း နိုင်ငံတကာနဲ့ ဒေသတွင်း ဆက်ဆံရေးအခြေအနေတွေအရ ကျွန်မတို့နိုင်ငံအနေနဲ့ ကျွန်မတို့ ပြည်ထောင်စုသားတိုင်းရင်းသားတွေအားလုံး စုစည်းညီညွတ် ပေါင်းစည်းနိုင်ကြတယ်ဆိုတာ ပြသနိုင်ဖို့ အထူးပဲအရေးကြီးနေပါပြီ။ ဒါဟာ ပစ္စုပ္ပန်ရဲ့ လိုအပ်ချက်၊ သမိုင်းရဲ့ တောင်းဆိုချက်၊ အနာဂတ်အတွက် ပြင်ဆင်ချက်လည်း ဖြစ်နေပါပြီ။ ခေါင်းဆောင်များအားလုံးပဲ တွေးဆမြင်ယောင်ကြည့်ကြပါ။ အိမ်ထောင်စုတစ်စု မညီမညွတ်၊ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်၊ အိမ်သားအချင်းချင်း ရန်ဖြစ်စကားများ ပဋိပက္ခတွေဖြစ်ပွားပြီး ဆူဆူညံညံဖြစ်နေတဲ့ အနေအထားမျိုးနဲ့ ကျွန်မတို့ပြည်ထောင်စုကြီးက သံသရာလည်လာခဲ့တာ နှစ်ပေါင်း(၇၀)ကျော်တဲ့အထိ ကြာမြင့်နေပါပြီ။ ဒီအနေအထားကို အပြင်က ဘယ်သူကမှလာပြီး ပြုပြင်ပေးလို့ မရပါဘူး။ ဒီပြည်ထောင်စုကြီးထဲမှာ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြတဲ့ ကျွန်မတို့ကိုယ်တိုင်က ပြုပြင်ပြောင်းလဲနိုင်မှ ရနိုင်မှာပါ။ ဒီအခွင့်အရေးဟာ ဒီကနေ့ ဒီခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ အင်အားစုအသီးသီးက ခေါင်းဆောင်တွေရဲ့ လက်ဝယ်မှာ ရှိနေပါတယ်။ ကျွန်မတို့ရဲ့ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ညီညီညွတ်ညွတ်နဲ့ ထုဆစ်ပုံဖော်ဖို့ သမိုင်းပေးတာဝန်ဟာ ကျွန်မတို့အားလုံးရဲ့ ပခုံးပေါ်မှာ ရောက်ရှိနေပါပြီ။

ဒီတာဝန်ဟာ ကြီးလေးတယ်၊ လေးလံတယ်၊ ဖိအားများတယ်ဆိုပြီး ကျွန်မတို့ ရှောင်လွှဲကြမှာလား။ ဘယ်လောက်ပဲ ကြီးလေးကြီးလေး၊ ဘယ်လောက်ပဲ လေးလံလေးလံ ညီညွတ်မှုနဲ့ စုပေါင်းအင်အားသာရှိမယ်ဆိုရင် ဒီအခြေအနေတွေကို တစ်မုဟုတ်ချင်း ကျွန်မတို့ ပြောင်းလဲပစ်နိုင်ပါတယ်။ ဒီလိုပြောင်းလဲပစ်နိုင်မယ့် အခွင့်အရေးကလည်း ကျွန်မတို့အားလုံးရဲ့ ရှေ့မှောက် လက်တစ်ကမ်းအကွာမှာ ရှိနေပါပြီ။

ကျွန်မတို့အစိုးရအနေနဲ့ ပင်လုံညီလာခံအစည်းအဝေး နှစ်ကြိမ်ကျင်းပပြီးပါပြီ။ ညီလာခံမကျင်းပနိုင်သေးတဲ့ကာလတွေမှာလည်း NCA လက်မှတ်ရေးထိုးပြီးအဖွဲ့များအပြင် မထိုးရသေးတဲ့အဖွဲ့တွေနဲ့လည်း အလွတ်သဘော ဆွေးနွေးပွဲတွေ ပုံမှန်လိုရှိနေခဲ့ပါတယ်။ လက်ရှိ ၂၀၁၈ ခုနှစ် အတွင်းမှာ နောက်ထပ်ညီလာခံ(၁)ကြိမ်၊ လာမယ့် ၂၀၁၉ ခုနှစ် အတွင်းမှာ နောက်ထပ်ညီလာခံ (၂)ကြိမ်၊ ၂၀၂၀ ပြည့်နှစ်မတိုင်မီ နောက်ထပ်ညီလာခံ(၃)ကြိမ် ကျင်းပနိုင်ဖို့၊ ဒီညီလာခံ(၃)ကြိမ်မှာ အရေးကြီးလှတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူတွေ အပြီးအပြတ်ချမှတ်ပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်တွေ ခိုင်ခိုင်မာမာတည်ဆောက်ပေးနိုင်ဖို့ မျှော်မှန်းထားပါတယ်။ ဒီမျှော်မှန်းချက်ဟာ မဖြစ်နိုင်တဲ့အတွက် စိတ်ကူးယဉ်သက်သက် မျှော်မှန်းချက်မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ပြည်ထောင်စုအတွက် မျှော်မှန်းသင့် မျှော်မှန်းထိုက်တဲ့၊ ဖြစ်နိုင်တဲ့၊ ရနိုင်တဲ့ မှတ်တိုင်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီကနေ့ တက်ရောက်လာကြတဲ့ အစုအဖွဲ့အသီးသီးက ခေါင်းဆောင်များအနေနဲ့ လက်တွေ့ကျပြီး ရေတိုအကောင်အထည်ဖော်နိုင်မယ့် ဒီမျှော်မှန်းချက်ကို ကျွန်မတို့အစိုးရနဲ့အတူ သန္နိဋ္ဌာန်ချ၊ စိတ်ပိုင်းဖြတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ အလေးအနက်ထား မေတ္တာရပ်ခံ တိုက်တွန်းပြောကြားလိုပါတယ်။

**နိဂုံး**

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့အစိုးရရဲ့ ရေရှည်မျှော်မှန်းချက်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး ဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နေကြရပြီလို့ ယုံကြည်ပါတယ်။ ကျွန်မတို့ မျိုးဆက်သစ်တွေအတွက် စစ်မက်ကင်းစင်ပြီး ငြိမ်းချမ်းတည်ငြိမ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ဖို့၊ ကျွန်မတို့ ရှေ့ကခေါင်းဆောင်ကြီးတွေအားလုံးရဲ့ မျှော်မှန်းချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့၊ စစ်မက်ပဋိပက္ခတွေကြားမှာ နစ်မွန်းနေခဲ့ရတဲ့ မျှော်လင့်ချက်တွေကို လင်းလက်တောက်ပလာစေဖို့ ကျွန်မတို့ မလျှော့တဲ့စိတ်အင်အားနဲ့ ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မျှော်လင့်ခဲ့ရပြီး ဝေးကွာခဲ့ရတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ဖို့ ကျွန်မတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ ဘယ်သူတွေဟာ အမှန်တကယ် ငြိမ်းချမ်းရေးလိုလားတယ်၊ ဘယ်သူတွေဟာ ပြည်ထောင်စုအကျိုးကို ကိုယ့်အကျိုး၊ ကိုယ့်အစုအဖွဲ့အကျိုးထက် တန်ဖိုးထားတယ်ဆိုတာ ဒီ(၂၁) ပင်လုံညီလာခံအစည်းအဝေးတွေမှာ ပေါ်လွင်လာမှာပါ။ ပြည်သူတွေက ကြည့်နေကြပါတယ်။ ပြည်သူတွေက သိလာကြမှာပါ။

ကျေးဇူးတင်ပါတယ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူနာပြုနှင့် သားဖွားဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ INGOs, NGOs များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေနေ့အဖြစ် ၁၉၈၉ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများကို အာရုံစိုက်မိလာစေရန်အတွက် ၁၉၉၀ ပြည့်နှစ်ကစ၍ “ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား”ကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ “လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်း ဖော်ဆောင်စို့” ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အရေးကြီးသည့် ယခုကဲ့သို့ အထိမ်းအမှတ်နေ့ အခမ်းအနားများကို နှစ်စဉ် ကျင်းပလျက်ရှိပါကြောင်း။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

### သားဖွားမိခင်သေဆုံးမှု

မိသားစုစီမံကိန်းဖော်ဆောင်ခြင်းအားဖြင့် လိုချင်သည့် ကလေးအရေအတွက်ကို ရယူနိုင်မည်ဖြစ်ပြီး သားဆက်ခြားကာလကိုလည်း ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း၊ မိသားစု စီမံကိန်းကို လက်လှမ်းမီ ရယူနိုင်မည်ဆိုပါက သားဖွားမိခင်သေဆုံးမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ပြီး အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုကိုလည်း ၂၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းတွင် သားဖွားမိခင်သေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံများထဲ၌ ပါဝင်နေပြီး ကလေးအရှင် တစ်သိန်းမွေးဖွားတိုင်း မိခင် ၂၈၂ ဦး သေဆုံးလျက်ရှိကြောင်းနှင့် နှစ်စဉ်မြန်မာနိုင်ငံတွင် မိခင် ၂၇၀၀ ခန့်သည် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ်တွင် သေဆုံးနေသည်ဟု စာရင်းများအရ သိရှိရပါကြောင်း၊ သားဖွားမိခင်သေဆုံးမှုအရေအတွက်တွင် သားပျက်/သားလျှောခြင်းကြောင့် သေဆုံးမှုရာခိုင်နှုန်းမှာ ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးနှုန်း၏ ၁၂ ရာခိုင်နှုန်းရှိပြီး မိခင်သေဆုံးရခြင်း အကြောင်းရင်းများတွင် သားပျက်/သားလျှောခြင်းကြောင့် သေဆုံးမှုမှာ တတိယအများဆုံး ဖြစ်သည်ဟု သိရှိရပါကြောင်း၊ အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်း အမျိုးသမီးငယ်များသည် သားပျက်/သားလျှောနှုန်း အမြင့်ဆုံးကြုံတွေ့နေရပြီး မိခင်နှင့် မွေးကင်းစ ကလေးသေဆုံးမှုများ၊ နာမကျန်းဖြစ်မှုများကို လျှော့ချနိုင်ရန်အတွက် မိခင်နှင့်ကလေး စောင့်ရှောက်မှုနှင့် အသိပညာပေး လုပ်ငန်းအစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်လိုအပ်ပြီး ယင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့် မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်အောင်နှင့် လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း။

### ကမ္ဘာ့လူဦးရေ ၇ ဒသမ ၆ ဘီလီယံခန့်ရှိ

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ယနေ့ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၆ ဘီလီယံခန့် ရှိနေပြီဖြစ်ပါကြောင်း၊ ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် နောက်ထပ် တစ်ဘီလီယံတိုးလာပြီး ခရစ်နှစ် ၂၁၀၀ ပြည့်နှစ်တွင် လေးဘီလီယံထပ်မံတိုးလာလိမ့်မည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကလေးမွေးဖွားနှုန်းမြင့်မားနေပြီး ကလေးမွေးဖွားနှုန်းမြင့်မားခြင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်နေပါကြောင်း၊ ယနေ့ကာလတွင် လူဦးရေတိုးနှုန်းကို လျှော့ချရန် နည်းလမ်းများစွာရှိနေသည့်အထဲမှ အထိရောက်ဆုံး နည်းလမ်းတစ်ခုမှာ “မိသားစုစီမံကိန်းနည်းလမ်းများ”ကို ထိထိရောက်ရောက် အသုံးချနိုင်စေရန် ပံ့ပိုးပေးခြင်း ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းအရ အိမ်ထောင်သည် အမျိုးသမီး ၅၂ ရာခိုင်နှုန်းသည် မိသားစု စီမံကိန်းနည်းလမ်းများကို အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါ ၅၂ ရာခိုင်နှုန်း အနက် ခေတ်မီနည်းလမ်းများကို အသုံးပြုမှုမှာ ၅၁ ရာခိုင်နှုန်းရှိပြီး တစ်ရာခိုင်နှုန်းမှာ မိရိုးဖလာနည်းလမ်းကိုသာ အသုံးပြုနေသည်ဟု သိရှိရပါကြောင်း၊ သို့သော် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အတွင်းတွင်ရှိသည့် အိမ်ထောင်သည်အမျိုးသမီး ၁၆ ရာခိုင်နှုန်းမှာ ခေတ်မီသားဆက်ခြားနည်းလမ်းများ သုံးချင်သော်လည်း အသုံးပြုနိုင်မှုမရှိခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ငါးရာခိုင်နှုန်းမှာ ကလေး တစ်ဦးနှင့်တစ်ဦးအကြား အချိန်အတိုင်းအတာ တစ်ခုခြားလိုခြင်း၊ အိမ်ထောင်သည်အမျိုးသမီး ၁၁ ရာခိုင်နှုန်းမှာ မွေးဖွားမှုကိုကန့်သတ်လိုခြင်းစသည့် စိန်ခေါ်မှုများစွာ ရှိနေသည်ကိုလည်း သိရှိရပါကြောင်း။

### မိသားစုစီမံကိန်းဖော်ဆောင်

မိသားစုစီမံကိန်း ဖော်ဆောင်ခြင်းဖြင့် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အပံ့ဖြစ်စေပြီး အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများ၏ လူမှုဘဝကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိသားစုစီမံကိန်းများ ဖော်ဆောင်မည်ဆိုပါက သားဖွားမိခင်များ၊ မွေးကင်းစ ကလေးငယ်များနှင့် ကလေးများအချိန်မတိုင်မီ သေဆုံးမှုကို ကာကွယ်ပေးခြင်း၊ နာမကျန်းမှုနှင့် မသန်စွမ်းမှုအခြေအနေများကို ကာကွယ်ပေးခြင်း၊ လုပ်သားအင်အားစုတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေခြင်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးခြင်း၊ ကလေးများတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်ကောင်းများ ဖြစ်ထွန်းစေခြင်း၊ စာသင်ကြားခွင့် ပိုရရှိစေခြင်းဖြင့် ပညာတတ်ကလေးငယ်များ ပိုမိုများပြားလာစေခြင်း၊ ပိုမိုကျန်းမာပျော်ရွှင်သည့် မိသားစုအခြေအနေများ ဖန်တီးပေးနိုင်ခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များနှင့် အခြားဆက်စပ်စရိတ်များ လျှော့ချနိုင်ခြင်းနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေးတို့တွင် အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း။

### သဘောတူညီခဲ့ကြ

ထို့ပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၃)အရ ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်မှာ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီ ရရှိစေရေး၊ မိသားစုစီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များရရှိစေရေးနှင့် ပညာပြန့်ပွားရေး၊ အမျိုးသားအဆင့်မဟာဗျူဟာများ၊ အစီအစဉ်များချမှတ်ရာတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အကြောင်းအရာများပါဝင်ရေး စသည်တို့ရရှိစေရန်အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့ကြပြီး ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အခမ်းအနားမျိုး ကျင်းပရသည့်အတွက် မိသားစုစီမံကိန်း၏ အရေးပါမှုများကို သတိပြုမိလာစေပြီး အဆောတလျင်ဆောင်ရွက်သွားရမည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကတိကဝတ်များကို ပြန်လည်အမှတ်ရစေနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လူတစ်ဦးချင်းစီနှင့် ဇနီးမောင်နှံများတွင် မိသားစုအရွယ်အစား ဆုံးဖြတ်ရန်အတွက် အခွင့်အရေးရှိပြီး အဆိုပါ အခွင့်အရေးမှာ သားဖွားမိခင်များသေဆုံးမှုနှင့် နာမကျန်းဖြစ်မှုများကို လျှော့ချရန်အတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါကြောင်း။

### လူထုအခြေပြု အသိပညာပေး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မိသားစုစီမံကိန်း မြှင့်တင်ခြင်း၊ သားဆက်ခြားဆေးဝါးများဖြန့်ဝေခြင်း၊ ပညာပေးဆွေးနွေးခြင်းနှင့် မိသားစုစီမံကိန်းဆိုင်ရာဝန်ဆောင်မှုများ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စေတနာ့ဝန်ထမ်းများကလည်း လူထုအခြေပြု အသိပညာပေး လှုပ်ရှားမှုများနှင့် ဝန်ဆောင်မှုရရှိနိုင်သည့်နေရာများကို လမ်းညွှန်ပေးမှုများ ဆောင်ရွက်ပေးနေသည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကိုအခြေခံသည့် မိသားစုစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၏အရေးပါမှုကို မီးမောင်းထိုးပြနိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး လူဦးရေဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှုများတွင် အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကူညီလာစေရေး အတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက “Family Planning is a Human Right” “လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့” ဆောင်ပုဒ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ခေတ္တဌာနေကိုယ်စားလှယ် Ms. Kaori Ishikawa က ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မိသားစုစီမံကိန်းနှင့် ပတ်သက်သည့် ဗီဒီယိုနှင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သည့် “လူ့အခွင့်အရေး အခြေခံလို့ မိသားစုစီမံကိန်း ဖော်ဆောင်စို့” “Family Planning is a Human Right” ဆောင်ပုဒ်နှင့် ပတ်သက်သည့် Animation Video Clip တို့ကို ပြသကြသည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) ၏ Assistant Administrator and Director of the Regional Bureau for Asia and the Pacific ဖြစ်သူ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Haoliang Xu အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း UNDP ၏ အစီအစဉ်များ အကောင်အထည်ဖော်မှု အခြေအနေများနှင့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ အချိန်မဆွဲဘဲ ရဲရဲဝံ့ဝံ့လုပ်ဆောင်ကြဖို့ လိုအပ်

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

ကြွရောက်လာကြတဲ့ နိုင်ငံတော်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်တော်များနဲ့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်တွေအပေါ် ယုံကြည်ချက်ပြည့်ပြည့်ဝဝနဲ့ ယနေ့စတင်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို တက်ရောက်လာကြတဲ့အတွက်လည်း လေးစားဂုဏ်ယူဝမ်းမြောက်ပါကြောင်းနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက ကိုယ်စားလှယ်များကိုလည်း ကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

## ငြိမ်းချမ်းရေးဆိုတဲ့အရိပ်ကောင်းရှိမှ

ငြိမ်းချမ်းရေးဆိုတာ နိုင်ငံတိုင်း လူမျိုးတိုင်းအတွက် တန်ဖိုးဖြတ်လို့မရတဲ့ အရိပ်အာဝါသတစ်မျိုးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတဲ့အရိပ်ကောင်းရှိမှသာ တည်ငြိမ်အေးချမ်းတဲ့ လူ့ပတ်ဝန်းကျင်၊ သာယာနာပျော်ဖွယ်ကောင်းတဲ့ လူမှုဘဝ၊ ဖွံ့ဖြိုးတိုးတက်တဲ့အခြေခံအဆောက်အအုံတွေကို ဖန်တီးတည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်တဲ့အရင်းအမြစ်ကောင်းတွေ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပေမယ့် ငြိမ်းချမ်းရေး အရင်းအမြစ်ကောင်းတွေကတော့ လိုအပ်နေဆဲပဲဖြစ်တယ်ဆိုတာ အားလုံးလက်ခံရမယ့် ပကတိအရှိတရား ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဟာ ရှည်လျားလှပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဟာလည်း ရှည်လျားခဲ့သလို ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းဟာလည်း ရှည်လျားလှပါတယ်။ သမိုင်းဆိုတာ မိမိတို့ဖြတ်သန်းခဲ့ရတဲ့ကာလတစ်လျှောက်မှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့အဆိုး၊ အကောင်းတွေကို အကျိုး၊ အကြောင်းနဲ့ ထင်သာမြင်သာအောင် မီးမောင်းထိုးပြတဲ့ကြေးမုံပြင်တစ်ချပ်ပါပဲ။ အဲဒီသမိုင်းစာမျက်နှာတွေကို အစွဲကင်းကင်းနဲ့ ပြန်ကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းဖြစ်ရပ်မှန်တွေကို တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ “အတိတ်သမိုင်းရဲ့ အကျဉ်းသား မဖြစ်စေနဲ့” ဆိုတဲ့စကားဟာ ဒီသမိုင်းထဲက အတိတ်ရဲ့နာကြည်းစရာတွေ၊ ရန်ငြိုးရန်စ ဖြစ်စရာတွေ သတိပေးထားခြင်းဖြစ်တာကြောင့် သင်ခန်းစာယူရမှာတွေကိုတော့ ဆက်လက်သင်ခန်းစာရယူပြီး အမြင်သစ်၊ အသွင်သစ်နဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်ရတယ်ဆိုတဲ့ နိယာမတရားအရ ဖြစ်ပေါ်ခဲ့တဲ့အကြောင်းတရားများကို မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ်ရမှာဖြစ်ပါတယ်။

## မူလအရင်းခံဇာစ်မြစ်

ပထမဦးစွာ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားခဲ့ရတဲ့၊ ဖြစ်ပွားနေဆဲဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်းရဲ့ မူလအရင်းခံဇာစ်မြစ်ကို လေ့လာကြည့်ရင် ကိုလိုနီခေတ် ဗြိတိသျှနယ်ချဲ့တို့လက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့်နဲ့ နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး ကွဲပြားခြားနားမှုတွေကြောင့်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တပ်မတော်ရဲ့ အကြားမှာ ပြဿနာ ကြီးငယ်တစ်စုံတစ်ရာမရှိဘဲ သက်ဆိုင်ရာအစိုးရများနဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအကြားမှာသာ မကျေနပ်ချက်တွေ၊ တောင်းဆိုချက်တွေရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားအားလုံး တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြတာပါ။ သက္ကရာဇ် ၄၇၄ ခုနှစ်မှာ ရေးထိုးခဲ့တဲ့ မြစေတီကျောက်စာမှာ ဘာသာစကား လေးမျိုးနဲ့ရေးထိုးထားရာမှာ ပါဠိအပြင် ပျူ၊ မွန်၊ မြန်မာ စတဲ့ တိုင်းရင်းသားဘာသာစကားတွေ ပေါင်းစည်းထားခြင်းဟာ ပထမမြန်မာနိုင်ငံ လက်ထက်ကတည်းက ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံအသွင်နဲ့ ရပ်တည်ခဲ့တယ်ဆိုတာ ထင်ရှားနေပါတယ်။

## လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို စတင်ခဲ့

ဗြိတိသျှကိုလိုနီလက်အောက် တစ်နိုင်ငံလုံးကျရောက်ပြီးတဲ့အချိန်မှာလည်း တိုင်းရင်းသားအားလုံးပါဝင်တဲ့ ၁၀ နှစ်ကြာ မျိုးချစ်စစ်ပွဲကြီးကို ဆင်နွှဲပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို စတင်ခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုလိုနီခေတ်ကနေ ဒီနေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေသဘော ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း ခြောက်ခုရှိခဲ့ကြောင်း တွေ့ရပါတယ်။ ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွေဟာ လွတ်လပ်ရေးရပြီးခေတ် မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ အခြေခံဥပဒေများ ဖြစ်ပါတယ်။ ဗြိတိသျှကိုလိုနီလက်ထက်မှာ ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းတဲ့ ၁၉၁၉ ခုနှစ် အိန္ဒိယစီရင်အုပ်ချုပ်မှုအက်ဥပဒေ (The Government of India Act, 1919)၊ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေ (The Government of Burma Act, 1935)နဲ့ ဂျပန်ခေတ်ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သောဥပဒေ(၁၉၄၃ ခုနှစ်)တို့ဟာ ကိုလိုနီခေတ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အခြေခံဥပဒေတွေပဲဖြစ်ပါတယ်။ အဲဒီထဲက ၁၉၁၉ ခုနှစ် အိန္ဒိယစီရင်အုပ်ချုပ်မှု ဥပဒေအရ ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့ပါတယ်။ ဒါပေမယ့် ရှမ်း၊ ချင်းနဲ့ ကချင်ဒေသတွေကိုတော့ ချန်လှပ်သွေးခွဲအုပ်ချုပ်ခဲ့ပြီး ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ မြန်မာနိုင်ငံကို ၉၁



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားစဉ်။

ဌာနအုပ်ချုပ်ရေးစနစ် တိုးမြှင့်ပေးခဲ့ပေမယ့် တိုင်းရင်းသားဒေသတွေကိုတော့ ဒီတိုးမြှင့်မှုကနေ ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ခဲ့တာတွေ့ရတယ်။ တိုင်းရင်းသားဒေသတွေကို အပိုင်း(၁) ဇယားဝင်ဒေသ (Part I Scheduled Area)၊ အပိုင်း(၂) ဇယားဝင်ဒေသ (Part II Scheduled Area)ဆိုပြီး ဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်တဲ့ဒေသနဲ့ ဘုရင်ခံက စိတ်ကြိုက်ကိုယ်စားလှယ်ခန့်အပ်အုပ်ချုပ်ခွင့်ပြုထားတဲ့ဒေသဆိုပြီး အကွဲကွဲအပြားပြား သွေးခွဲအုပ်ချုပ်ခဲ့ကြတယ်။ ဒီလိုသွေးခွဲအုပ်ချုပ်မှုကို အဲဒီခေတ်က မြန်မာ့လွတ်လပ်ရေး ဦးဆောင်အဖွဲ့ကြီးဖြစ်တဲ့ တို့ဗမာအစည်းအရုံးက ၁၉၃၈ ခုနှစ်၊ မော်လမြိုင်ညီလာခံကနေစပြီး တောက်လျှောက်ကန့်ကွက်ခဲ့ပါတယ်။

## အထင်အမြင်လွဲသွေးကွဲခဲ့တာတွေ ဖြစ်ခဲ့ရ

ဒီလိုသွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့တာ ပြည်နယ်၊ ပြည်မ အထင်အမြင်လွဲသွေးကွဲခဲ့တာတွေ ဖြစ်ခဲ့ရပါတယ်။ ဂျပန်တွေ မြန်မာနိုင်ငံက ဆုတ်ခွာပြီး ဗြိတိသျှတွေက စက္ကူဖြူစာတမ်းကို အကောင်အထည်ဖော်အုပ်ချုပ်ရာမှာလည်း တိုင်းရင်းသားဒေသတွေကို ဆက်လက်သွေးခွဲအုပ်ချုပ်ဖို့ တောင်တန်းဒေသအုပ်ချုပ်ရေးဌာန (Frontier Area Administration) ကို ဖွင့်လှစ်ခဲ့ပြန်တယ်။ သွေးခွဲမှုအရှိန်အဟုန်ပြင်းထန်လာပြီး မြန်မာ့လွတ်လပ်ရေးရရှိတဲ့အခါ တိုင်းရင်းသားဒေသတွေကို ချန်လှပ်ထားနိုင်ဖို့ ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ တိုင်းရင်းသားဒေသတွေနဲ့ ပြည်မဒေသအကြား နိုင်ငံရေးအရ ဆက်သွယ်မှုမပြုနိုင်ဖို့ နိုင်ငံရေးလှုပ်ရှားမှုရှိသူများကို နယ်ခြားဒေသကျော်ဖြတ်မှုချုပ်ကိုင်ရေးဥပဒေ (Frontier Crossing Act) ကို သုံးပြီး ဖမ်းဆီးချုပ်နှောင်ခြင်း၊ နယ်နှင်ခြင်းတို့ ပြုလုပ်ခဲ့ကြတယ်။ ဒီသွေးခွဲအုပ်ချုပ်ခံခဲ့ရခြင်း အကျိုးဆက်တွေဟာ ပင်လုံစာချုပ်ချုပ်ဆိုဖို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြုလုပ်တဲ့ ပင်လုံညီလာခံကျင်းပရာမှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ဒီနေ့အထိ ရိုက်ခတ်မှု အကျိုးသက်ရောက်မှုများ ရှိနေဆဲဖြစ်တယ်။ ဒီသွေးခွဲအုပ်ချုပ်မှုရဲ့ အကျိုးဆက်ကြောင့် ပျက်ပြားခဲ့ရတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်ရေး မညီမျှမှု၊ အဲဒီကနေတစ်ဆင့် မြစ်ဖျားခံလာတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို သမိုင်းစာမျက်နှာပေါ်က ဖျောက်ဖျက်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားရတာ၊ ဖွံ့ဖြိုးတိုးတက်မှု မညီမျှရတာနဲ့ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားလာရတာဟာ လွတ်လပ်ရေးရပြီးမှ အစပျိုးဖြစ်ပွားလာရသယောင် ပြောဆိုပုံဖော်နေမှုတွေဟာ မလုပ်သင့်တဲ့လုပ်ရပ်တွေပဲဖြစ်ပါတယ်။

## ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို စတင်ခဲ့

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် မတ်လမှာပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အဲဒီအချိန်က ဦးနု ဦးဆောင်တဲ့ ဖဆပလအစိုးရကို ဝါဒရေးရာအရ ဆန့်ကျင်ပြီး တောခိုသွားခြင်းဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို စတင်ခဲ့တာဖြစ်ပါတယ်။ ကွန်မြူနစ်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဂိုရှယ်ဟာ စာတမ်းတစ်ခုရေးပြီး ဗိုလ်တာရာရဲ့ ပျဉ်းမနားသူပုန်နယ်မြေ၊ ဦးစိန္တာနဲ့ ဗိုပေါက်သာကျော်တို့ရဲ့ ရခိုင်သူပုန်နယ်မြေများကို ထောက်ခံရန်နဲ့ ၎င်းနယ်မြေတွေကို လွတ်မြောက်ရေးဒေသအဖြစ် သတ်မှတ်ပြီး တစ်စတစ်စ တိုးချဲ့သွားဖို့ တစ်နိုင်ငံလုံး ဆူပူသောင်းကျန်းဖို့ လှုံ့ဆော်ခဲ့ပါတယ်။ ကွန်မြူနစ်နဲ့ ဖဆပလ၊ ရဲဘော်ဖြူနဲ့ ဖဆပလ ဝါဒရေးရာကွဲပြားမှုတွေဆက်ဖြစ်ပြီး အဖွဲ့အစည်းအသီးသီးက တပ်မတော်ကို ၎င်းတို့ဘက်ပါရေး အပြင်းအထန်ဆွဲဆောင်ခဲ့ကြပါတယ်။ ထိုစဉ်က အဓိက တပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်နေဝင်းက လက်မခံခဲ့ပါဘူး။ မရှေးမနှောင်းမှာပဲ ကရင်လူမျိုးရေး၊ သီးခြားကရင်ပြည်နယ်ထူထောင်ရေးရည်မှန်းချက်နဲ့ ကရင်လက်နက်ကိုင်ပဋိပက္ခပေါ်ပေါက်လာရပြန်တယ်။ ဒ့ါအပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းက မူဂျာဟစ်သူပုန်တွေဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်ကစပြီး ဘာသာရေးနဲ့ သီးခြားပြည်နယ်ထူထောင်ရေးရည်မှန်းချက်နဲ့ ဖဆပလအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြပြီးဖြစ်ပါတယ်။ ဒီနေ့အထိ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်နေရဆဲဖြစ်တဲ့ ကချင်ဒေသမှာ KIO လက်နက်ကိုင်အဖွဲ့ ပေါ်ပေါက်လာရခြင်းဟာ ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှာ ဝန်ကြီးချုပ်ဦးနုဦးဆောင်တဲ့ ပြည်ထောင်စုပါတီ (ပထစ)အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလိုက်လို့ ဘာသာရေးအခြေခံပြီး ပေါ်ပေါက်ခဲ့ရတာကို နောက်မှ တိုင်းရင်းသားရေးလို့ ပြောလာတာဖြစ်ပါတယ်။ ကျန်လက်နက်ကိုင်အဖွဲ့များဟာလည်း နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေးနဲ့ ဘာသာရေးတို့ကို အခြေခံပြီး ပေါ်ပေါက်လာရတာပဲဖြစ်လို့ တပ်မတော်ကြောင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်လာရသယောင်၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ရသယောင် ပြောဆိုနေခြင်းများဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် အန္တရာယ်များလှတဲ့ လုပ်ဆောင်ချက်တွေပဲ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ ဆောင်ရွက်ချက်များဟာ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားကို အကာအကွယ်ပေးခြင်းနဲ့ ပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်နဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးခြင်းသာ ဖြစ်ပါတယ်။

## အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြ

သွေးခွဲအုပ်ချုပ်မှုအကျိုးဆက်တွေ၊ နိုင်ငံရေး၊ ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေးမကျေနပ်ချက်တွေကြောင့် ပေါ်ပေါက်လာတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို ချုပ်ငြိမ်းစေဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြပါတယ်။ အောင်မြင်ခဲ့တဲ့အပိုင်းတွေရှိသလို မအောင်မြင်တဲ့ အပိုင်းတွေလည်းရှိခဲ့ပါတယ်။ ဘာကြောင့် အောင်မြင်ခဲ့တယ်၊ ဘာကြောင့် မအောင်မြင်ခဲ့ဘူး။ ဘယ်သူတွေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တယ်၊ ဘယ်သူတွေနဲ့တော့ မတည်ဆောက်နိုင်ခဲ့ဘဲ ဘာကြောင့် ပျက်ပြားခဲ့ရတယ်ဆိုတာ သမိုင်းမှာ အထင်အရှားရှိပါတယ်။ သို့သော် အခိုင်အမာပြောနိုင်တာတစ်ခုကတော့ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုတိုင်းမှာ တပ်မတော်အနေနဲ့ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုမပြိုကွဲရေးအတွက် ဆောင်ရွက်ချက်များကိုသာ ဆောင်ရွက်ခဲ့ကြောင်း ခိုင်ခိုင်မာမာ ပြောလိုပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လာရင် သမိုင်းကြောင်းနဲ့ယှဉ်ပြီး ရှင်းပြမှ ခိုင်မာမှုရှိမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ၃ လနဲ့ ၆ လအတွင်း ၁၉၄၈ ခုနှစ် မတ်လနဲ့ ဇွန်လတို့မှာပဲ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ စတင်ခဲ့ပါတယ်။ အဲဒီခေတ်က ဖဆပလအစိုးရအနေနဲ့ အစောဆုံး ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုအဖြစ် မေလ ၂၅ ရက်နေ့မှာ ဦးနုငြိမ်းချမ်းရေးမူ ၁၅ ချက်၊ ဒါကို လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်လို့ လူသိများခဲ့ပါတယ်။ ဒါကို ထုတ်ပြန်ခဲ့တယ်၊ ဒါကို အကောင်အထည်ဖော်ဖို့ အစိုးရရဲ့ ဦးဆောင်မှုနဲ့ ဗိုလ်ချုပ်ကြီးနေဝင်းကို ဥက္ကဋ္ဌခန့်ထားပြီး လက်ဝဲစည်းရုံးရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း တွေ့ရပါတယ်။

## ငြိမ်းချမ်းရေးတည်ဆောက်မှု စတင်

တော်လှန်ရေးကောင်စီခေတ်မှာတော့ ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှာ “ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ ကမ်းလှမ်းချက်” ကို ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုကို စတင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ဦးဆောင်ပါဝင်ခဲ့ရပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်မှာတော့ ၁၉၈၀ ပြည့်နှစ်လောက်ကစပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့ရာ ၁၉၈၁ ခုနှစ်လောက်မှာ တွေ့ဆုံဆွေးနွေးပွဲတွေ စတင်ခဲ့ပါတယ်။ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက အဖွဲ့ဝင်အဖြစ် ထဲထဲဝင်ဝင် ပါဝင်ခဲ့ရပါတယ်။ အဲဒီနှစ်တွေမှာပဲ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက် အစိုးရကိုယ်စား ဆောင်ရွက်နိုင်ဖို့ တပ်မတော်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဦးဆောင်တဲ့ ကချင်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက တာဝန်ပေးအပ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ တပ်မတော်ကဦးဆောင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ရာမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၂၃ ဖွဲ့ စုစုပေါင်း အဖွဲ့ ၄၀ နဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီခေတ် သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကြေညာချက်အမှတ်၊ ၁/၂၀၁၁ နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလို ဖိတ်ခေါ်တဲ့ ဖိတ်ခေါ်ချက်ထဲမှာ “နိုင်ငံတော်သည် ဒို့တာဝန်အရေး (၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်”ဆိုတဲ့ ရည်မှန်းချက်နဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်တာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဒို့တာဝန်အရေး (၃)ပါးကို လက်ခံရမယ်။ ခွဲထွက်ရေးကိစ္စ မပြောဖို့နဲ့ ရွေးကောက်ပွဲလမ်းကြောင်းသည်သာ အဓိကဖြစ်တယ်ဆိုတာ အကြိမ်ကြိမ်ရှင်းလင်းပြီးမှ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာပါ။ ဒ့ါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတိုင်းဟာ ပြည်ထောင်စုရဲ့ အမျိုးသားအကျိုးစီးပွားကို လိုက်နာစောင့်ထိန်းကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ တပ်မတော်သားတွေအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီ စတဲ့ ကော်မတီအသီးသီးမှာ ထိထိရောက်ရောက် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ သဘောတူညီချက် ရယူချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့

○ စာမျက်နှာ ၉ မှ

ဒီနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးဆောင်နေတဲ့ အစိုးရလက်ထက်မှာလည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ အဆင့်ဆင့်တို့မှာ တပ်မတော်က ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး အစိုးရရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လျင်မြန်အောင်မြင်စေရေးအတွက် အတွေ့အကြုံများနဲ့ယှဉ်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်လျက်ရှိပါတယ်။ ရှေ့တန်းစစ်မြေပြင်မှာ မလွှဲမရှောင်သာ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ ကျွန်တော်တို့တပ်မတော်သားများက ငြိမ်းချမ်းရေးကို အလိုလားဆုံးဖြစ်ပါတယ်။ စစ်မှန်တဲ့ ငြိမ်းချမ်းရေး၊ ပြည်ထောင်စုနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်တဲ့ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မထိခိုက်နိုင်တဲ့ ငြိမ်းချမ်းရေးကို ဖြစ်နိုင်သမျှ အမြန်ဆုံးရချင်တယ်လို့ ပြောလိုပါတယ်။

**အမျိုးမျိုးကွဲပြားစွာ ငြိမ်းချမ်းရေးကိုဖော်ဆောင်ခဲ့**

ငြိမ်းချမ်းရေးသဘောတူညီချက်တွေနဲ့ ပတ်သက်ပြီး အယူအဆအမျိုးမျိုးကွဲပြားနေတာတွေရှိပါတယ်။ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်ကနေစပြီး ၁၉၉၉ ခုနှစ်အထိ ငြိမ်းချမ်းရေးရယူခဲ့တဲ့ အဖွဲ့အစည်း (၄၀) ရှိခဲ့ပါတယ်။ ၎င်းအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးရယူခဲ့ရာမှာ KIO၊ KIA အဖွဲ့မှအပ ကျန်အဖွဲ့များနဲ့ ချုပ်ဆိုထားတဲ့စာချုပ်ဆိုတာမရှိဘဲ တစ်ဖွဲ့ချင်းအလိုက်သာ တွေ့ဆုံဆွေးနွေးသဘောတူခဲ့တဲ့ ယာယီနေထိုင်ရန် နယ်မြေကန့်သတ်သဘောတူညီချက်တွေ၊ ဒေသဖွံ့ဖြိုးရေးအတွက် သဘောတူညီချက်တွေစတဲ့ Gentlemant Agreement တွေသာရှိခဲ့ပါတယ်။ ဒ့ါအပြင် လက်နက်စွဲကိုင်ထားပြီး အပစ်အခတ်ရပ်စဲထားတဲ့အခြေအနေ၊ အစိုးရအပေါ် ယုံကြည်လို့ လက်နက်စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးကို အစစ်အမှန် မြတ်နိုးတာကြောင့်လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်တဲ့အခြေအနေဆိုပြီး အမျိုးမျိုးကွဲပြားစွာ ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့ပါတယ်။ အဲဒီခေတ်က ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့တဲ့ အနေအထားရှိပြီးဖြစ်လို့ ဒီနေ့ဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်စရာမလိုဘူးဆိုပြီး အချို့က ယူဆနေကြပါတယ်။ ခေတ်ကာလချင်း၊ အခြေအနေချင်း၊ အုပ်ချုပ်မှုစနစ်ချင်း မတူတော့ဘူးဆိုတာ သတိချပ်ကြဖို့လိုပါတယ်။ ယခင်က စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့ပြီး တိုင်းပြည်ရဲ့ အာဏာအရပ်ရပ်ကို တပ်မတော်အစိုးရတစ်ခုတည်းက ထိန်းကျောင်းခဲ့တာဖြစ်ပါတယ်။ ဒီနေ့ခေတ်ဟာ ပြည်သူလူထုလိုလားတောင်းဆိုခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ နိုင်ငံတော်ကို အုပ်ချုပ်နေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ အပြုအမူတွေ၊ အလေ့အထတွေ၊ လုပ်ဆောင်ချက်တွေရှိဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာလည်း ဒီမိုကရေစီစံနှုန်းတွေအတိုင်း၊ အများစုကလက်ခံသဘောတူညီချက်တွေအတိုင်း အခြေခံထား ဆောင်ရွက်ကြဖို့လိုပါတယ်။ အမျိုးမျိုးကွဲပြားခြားနားစွာ ဆောင်ရွက်နေလို့မရပါဘူး။ ဒီအတွက် ကျွန်တော်တို့မှာ အားသာချက်တစ်ရပ်အနေနဲ့ အင်အားစုတော်တော်များများက သဘောတူညီလက်ခံထားပြီးဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ခိုင်ခိုင်မာမာရှိနေတာပဲ ဖြစ်ပါတယ်။

**ပိုမိုနက်ရှိုင်းကျယ်ပြန့်**

ဒီစာချုပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိလို့ လက်မှတ်ထိုးစရာမလိုဘူးလို့ ပြောဆိုနေတာတွေ၊ ယခင်သဘောတူညီချက်တွေ ရှိပြီးဖြစ်တယ်လို့ ဆိုနေတာတွေဟာ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီကျင့်ဝတ်တွေနဲ့ ညီညွတ်မှုမရှိဘူးလို့ ပြောလိုပါတယ်။ NCA ဟာ အမည်နာမအားဖြင့်သာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ဖြစ်ပါတယ်။ အနှစ်သာရအားဖြင့် ဒီထက်ပိုမိုနက်ရှိုင်း ကျယ်ပြန့်ပါတယ်။ စာချုပ်ရဲ့ အခြေခံမူပထမအချက်မှာပဲ ဒီနေ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက အခြားတိုင်းရင်းသားအဖွဲ့အစည်းတွေ တောင်းဆိုနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ပြည်ထောင်စုကို တည်ဆောက်မယ်လို့ သဘောတူသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ စာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အဖွဲ့များကိုကြည့်ရင်လည်း တပ်မတော်အစိုးရလက်ထက်ကတည်းက ငြိမ်းချမ်းရေး သဘောတူညီချက်ရယူခဲ့ပြီးအဖွဲ့တွေပါသလို အဲဒီခေတ်က ငြိမ်းချမ်းရေးမရယူနိုင်ခဲ့ဘဲ ဆက်လက်တိုက်ပွဲဝင်နေတဲ့ အဖွဲ့တွေ၊ ခေတ်အဆက်ဆက် တိုက်ပွဲဝင်လာခဲ့တဲ့ အဖွဲ့တွေပါဝင်ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ အချိန်မဆွဲဘဲ ရဲရဲဝံ့ဝံ့လုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ လိုအပ်တာထက်ပိုပြီး အချိန်ကြာလာရင် ဘေးပယောဂတွေ၊ ဝင်ရောက်စွက်ဖက်မှုတွေ၊ ကြိုးကိုင်ခြယ်လှယ်တာတွေရှိလာပြီး ရရှိပြီးဖြစ်တဲ့ ယုံကြည်မှုတည်ဆောက်ထားတာတွေ၊ ခက်ခက်ခဲခဲတည်ဆောက်ထားရတဲ့ ရရှိပြီးသဘောတူညီချက်တွေ အားနည်းသွားနိုင်ပါတယ်။ ဒါကြောင့် အချိန်ပြည့်ညှိနှိုင်းဆွေးနွေးခြင်းများ၊ ရလဒ်ထွက်လာအောင် ဆွေးနွေးခြင်းများကို နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထာဝစဉ်ရှေးရှုပြီး စိတ်စေတနာ ထက်ထက်သန်သန်နဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ တွေ့ဆုံဆွေးနွေးမှုကို ရေရှည်ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲရေးရလဒ်ရတဲ့အထိ ဆက်တိုက်ဆောင်ရွက်ဖို့လိုပါမယ်။ ရလဒ်မထွက်မီ ဆွေးနွေးမှုရပ်နားပြီးနောက် အခြေအနေပြောင်းလဲမှုများ မကြာခဏတွေ့ရတဲ့အတွက် ရလဒ်ထွက်သည်အထိ ဆွေးနွေးဖို့ ကျွန်တော်တိုက်တွန်းရခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်တစ်ဆက်တည်း ဆောင်ရွက်သွားပြီး ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပပြုလုပ်မယ့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်စေရေး ဆောင်ရွက်သွားပါလို့ အလေးထားတိုက်တွန်းပြောကြားလိုပါတယ်။

**ပြည်သူ့ဆန္ဒနဲ့အညီ တည်ဆောက်ချင်**

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုပြီး ကျွန်တော်တို့လက်ထက်မှာပဲ ခေတ်အဆက်ဆက် တောက်လောင်ခဲ့ရတဲ့ လက်နက်ကိုင်ပဋိပက္ခကို အပြီးတိုင်ငြိမ်းသတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်ခိုင်ခံ့သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့ဆန္ဒနဲ့အညီ တည်ဆောက်ချင်လို့သာ ဖြစ်ပါတယ်။ ဒီနေ့ငြိမ်းချမ်းရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တက်ကြွစွာဦးဆောင်ဆောင်ရွက်နေခြင်းဟာ ကျွန်တော်တို့မှာ အင်အားချည့်နဲ့နေလို့ မဟုတ်ဘူးဆိုတာ သတိချပ်စေလိုပါတယ်။ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်တဲ့ အဖွဲ့အစည်းမှန်သမျှ သဘောတူညီချက်တွေကိုသာလိုက်နာရင် ဘာသေနတ်သံမှကြားရမှာမဟုတ်ပါဘူး။ ကိုယ့်လူကိုသာ နိုင်အောင်ထိန်းဖို့၊ အဓိပ္ပာယ်ကင်းမဲ့တဲ့ အကြောင်းပြချက် အမျိုးမျိုးမပေးဖို့ လိုပါမယ်။ ငြိမ်းချမ်းရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးထက်အရေးကြီးတာ ဘာမှမရှိဘူး။ ဒီကာလမှာ နားလည်မှုလွဲမှားစေနိုင်တဲ့ ကိစ္စမျိုးတွေကို ရှေ့တန်းတင်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ မသက်ဆိုင်တဲ့ကိစ္စတွေကို ဆွဲသွင်းလာခြင်းတို့ မပြုလုပ်ဖို့ အရေးကြီးပါတယ်။ အချို့သောဒေသမှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ ၅၂ သန်းသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုတာမဟုတ်သလို နိုင်ငံရေးပါတီများဟာလည်း သူတို့ကိုထောက်ခံသူများကို ကိုယ်စားပြုတာဖြစ်ပါတယ်။ ကျွန်တော်တို့တပ်မတော်ဟာ တိုင်းရင်းသားပြည်သူလူထုက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်ဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကိုယ်စားပြုရတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဖြစ်တည်မှုနဲ့ ရပ်တည်မှုတို့ဟာ မှန်ကန်ဖို့အထူးလိုတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေနဲ့ ဆက်စပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုလည်း ဆောင်ရွက်လိုတဲ့ သဘောထားတွေ ကျွန်တော်တို့သိပါတယ်။ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးကိုရှေးရှုပြီး ၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ ဇယား၂- တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းမှာ အချက် (၃၄) ချက်၊ ဇယား ၅-တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများမှာ အချက် (၂၀) တို့ကို ပြင်ဆင်ဖြည့်စွက်ပေးပြီး လုပ်ပိုင်ခွင့်များ တိုးချဲ့ပေးခဲ့ပါတယ်။ ထပ်မံပြင်ဆင်လိုတာတွေရှိရင် ဆက်လက်ညှိနှိုင်းဆွေးနွေးလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း ၁၂၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်းပါ ပြဋ္ဌာန်းချက်တွေအတိုင်း ဆောင်ရွက်ကြဖို့လိုပါတယ်။ ရှိပြီးသား နိုင်ငံတော်အခြေခံမူ (၄၈)ချက် ခိုင်မာတည်တံ့ဖို့လိုအပ်ပါတယ်။

**လက်နက်ကိုင်လမ်းစဉ်တွေ ချုပ်ငြိမ်းရေး**

ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နိုင်ငံအပြင် မည်သည့်စနစ်ကျင့်သုံးတဲ့နိုင်ငံမှာမဆို တစ်ခုတည်းသော တပ်မတော်တစ်ရပ်သာ ရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့လည်း နိုင်ငံတကာကကျင့်သုံးနေတဲ့ ငြိမ်းချမ်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒီအချိန်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုပေါ်ပေါက်လာဖို့ လက်နက်ကိုင်လမ်းစဉ်တွေ ချုပ်ငြိမ်းသွားရေးဟာ ပထမဦးစားပေးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မလိုလားအပ်တာတွေကို ဆွဲထည့်ဆွေးနွေးပြီး အချိန်ဆွဲနေမယ့်အစား တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိလာချိန်မှာ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းများကို ဒီမိုကရေစီ နည်းလမ်းတကျ ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိ**

ထပ်မံပြောကြားလိုတာကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာ အချိန်ဆွဲဆောင်ရွက်ခြင်းဟာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံကို ပိုပြီးနိမ့်ကျအောင် ဆွဲနှစ်နေမှုတစ်ခုဖြစ်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ ယခုအစည်းအဝေးဟာ ၂၀၁၈ ခုနှစ် နှစ်ဆန်းမှာကျင်းပရမယ့် အစည်းအဝေးဖြစ်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဒီနေ့မှပြုလုပ်နိုင်တာပါ။ ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားတွေအတွက် ကျွန်တော်တို့မှာ လုပ်စရာအလုပ်တွေ အများကြီးရှိပါသေးတယ်။ ဟန်ရေးပြနေရုံနဲ့ မပြီးသေးပါဘူး။ စကားလုံးလှလှလေးတွေ ပြောဆိုငြင်းခုံနေရုံနဲ့လည်း မပြီးနိုင်ပါဘူး။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ မြန်မာနိုင်ငံသားတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညီညွတ်တဲ့အင်အား၊ စွမ်းအားကိုပဲ့သွားဖို့ ယိုင်နဲ့သွားစေဖို့ နှဲ့နေ၊ သွေးထိုးနေတာ သတိပြုဖို့လိုပါတယ်။ "ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"ဆိုပေမယ့် ရွှေ့အောင် မတွန်းနိုင်ရင် ကျွန်တော်တို့ အလုပ်လုပ်နေတာတွေဟာ အလုပ်ပြီးမြောက်မှုရလဒ်နဲ့ တိုင်းတာပါက သုညပဲဖြစ်ပါလိမ့်မယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို တကယ်ချစ်ရင် နိုင်ငံရဲ့တိုးတက်မှုလမ်းကြောင်းမှာ အဟန့်အတားဖြစ်နေတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို အချိန်မဆိုင်းဘဲ ဖယ်ရှားပစ်ဖို့၊ စိတ်ရင်းစေတနာအမှန်နဲ့ ဆက်လက်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ နိုင်ငံတော်ဟာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများနဲ့ အဖွဲ့အစည်းတိုင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း သာတူညီမျှ တစ်ပြေးညီဖြစ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံများကိုလည်း ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုအဖြစ် တည်ဆောက်ရာမှာ ထာဝရငြိမ်းချမ်းတည်ငြိမ်တဲ့ နယ်စပ်ဒေသများဖြစ်ရေးအတွက် အလေးထားညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဧည့်သည်တော်များနဲ့ တာဝန်ရှိသူများခင်ဗျာ-**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်တွေ၊ ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့ အသိပညာတွေ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူကျင့်သုံးကာ စည်းလုံးညီညွတ်မှုကိုတန်ဖိုးထားတတ်တဲ့ သိမ်မွေ့လေးနက်သော လူ့ဘောင်အဖွဲ့အစည်းသစ်တိုးတက်ဖြစ်ထွန်းလာဖို့ ငြိမ်းချမ်းရေးကို အပြည့်အဝအောင်မြင်အောင်တည်ဆောက်ပြီး အနာဂတ်မျိုးဆက်သစ်များထံ လွှဲပြောင်းပေးနိုင်တဲ့ သမိုင်းပေးတာဝန်ကျေပွန်သူများအဖြစ် ကမ္ပည်းမှတ်တမ်းကောင်း ရေးထိုးနိုင်သူများဖြစ်အောင် အချိန်မဆွဲဘဲ ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

## ငြိမ်းချမ်းပါစေ တောင်းဆုခြွေ

မေတ္တာရနံ့ စဉ်သင်းပျံ့နှင့်
သွေးချင်းလည်ယှက်၊ ပခုံးဖက်ကာ
ဖြတ်လိုက်ပါတော့ အမုန်းတွေ . . .။

ငြိမ်းချမ်းပါစေ၊ ပေါင်းစည်းစေဟု
ခိုင်ကျည်စိတ်နှင့်၊ ထပ်လောင်းဆင့်၍
မြင့်တက်ပါတော့ ချစ်ခြင်းတွေ . . .။

ချိုးငှက် ဝဲပျံ၊ ချိုးကူသံနှင့်
ငြိမ်းချမ်းရေးတေး၊ စဉ်ဟစ်ကြွေးလို့
ပွင့်လင်းမြင်သာ၊ ပင်လုံမြေမှာ
လေးစားခြင်းများ ထားပါစေသတည်း
ယုံကြည်ချက်များ အားပါစေသတည်း
နားလည်မှုများ ပွားပါစေသတည်း။ ။

ပိုင်(ဆေး-၁)

## ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ယနေ့ညနေပိုင်းတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)တို့ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် MNDAA အဖွဲ့မှ ဦးဖုန်ခွင်း(ခ) ဦးဖုန်ဝင်းနိုင်၊ TNLA အဖွဲ့မှ ဦးတားခူးလန်း၊ AA အဖွဲ့မှ ဦးညိုထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ဆိုင်ရာ ကိစ္စရပ်များ၊ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု အခြေခံတရားများဖြင့်သာ တည်ဆောက်နိုင်မည်

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်ခေါင်းဆောင်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှခေါင်းဆောင် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့်တကွ နိုင်ငံအသီးသီးက သံတမန်တော်ကြီးများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကဏ္ဍ၊ အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လေ့လာသူများ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင် ကိုယ်စားလှယ်များကိုယ်စား ဆန္ဒပြုမေတ္တာပို့အပ်ပါတယ်။



ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး

## အခြေခံအုတ်မြစ်ကိုချနိုင်ခဲ့

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ယခင်အစိုးရလက်ထက်မှာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ ညှိနှိုင်းရရှိပြီး ဦးစွာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်ခုရဲ့ အခြေခံအုတ်မြစ်ကို ချနိုင်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံတော်တာဝန်ယူပြီးနောက် အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို စတင်နိုင်ရန် ရည်ရွယ်ပြီး ဒုတိယအကြိမ်ညီလာခံကိုကျင်းပခဲ့ပါတယ်။ အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒ ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမယ့် ရည်ရွယ်ချက်နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလအတွင်းမှာ ကျင်းပနိုင်ခဲ့ပြီး အချက် ၃၇ ချက်ပါ ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၁)ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် NCA သဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော်ဆောင်နိုင်တဲ့ သဘောတူညီမှုအဆင့်တစ်ဆင့်သို့ တက်လှမ်းရောက်ရှိလာခဲ့ပါတယ်။ ယခုအချိန်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့ ထပ်မံ၍ NCA ကို လက်မှတ်ထိုးလာသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ ပါဝင်လာခဲ့တာကို တွေ့ရှိရပါတယ်။

## စိန်ခေါ်မှုများကို အတူတကွညှိနှိုင်းအဖြေရှာ

ယခုလို အဖွဲ့အစည်းများ ပါဝင်လာနိုင်အောင် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အကြိမ်ပေါင်းများစွာ တွေ့ဆုံညှိနှိုင်းမှု၊ စိတ်ရှည်သည်းခံမှု၊ အခက်အခဲ၊ စိန်ခေါ်မှုများကို အတူတကွ ညှိနှိုင်းအဖြေရှာပြီး မိမိတို့အကြားမှာ နားလည်မှုများရယူတည်ဆောက်နိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံရေးအမြင် မတူညီမှု၊ အခွင့်အရေး ရရှိမှု မညီမျှမှု၊ ခံယူမှု မတူညီမှုအပေါ် အခြေခံပြီး နှစ်ရှည်လများ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့တဲ့ အစုအဖွဲ့များအကြား ခုလိုပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီမှု စာချုပ် ချုပ်ဆိုနိုင်ခြင်းဟာ တိုးတက်သော အနေအထားတစ်ခုသို့ ရောက်ရှိခဲ့သည်ဟု အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်ဖို့အတွက် ပိုမို၍ဆောင်ရွက်ရန် လိုအပ်ပါတယ်။

ယနေ့ ကျွန်တော်တို့ နိုင်ငံရဲ့ငြိမ်းချမ်းရေး တည်ဆောက်ရာမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အပေါ်မှာ အခြေခံတဲ့အတွက် စာချုပ်ပါသဘောတူညီချက်များကို အကောင်အထည်ဖော်ရေးအတွက် အလွန်မှ အရေးကြီးပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ရဲ့ အန္တိမရည်မှန်းချက်ဟာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရရှိရန်ဖြစ်တယ်။ ထိုရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် မြန်မာနိုင်ငံမှာ သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရေးနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့်တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်နှင့်အညီ တည်ဆောက်သွားရန်ဟူ၍ ဖြစ်သည်ဟု အတိအလင်းဖော်ပြထားပြီး သဘောတူညီထားကြပါတယ်။

## ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွပူးပေါင်းတည်ထောင်ခဲ့ကြ

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဟာ ပင်လုံစာချုပ်အရ ကမ္ဘာ့အလယ်မှာ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ဖြစ်တည်လာသည်ကို သမိုင်းမှာ ထင်ရှားစွာ တည်ရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားများ၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းတည်ထောင်ခဲ့ကြတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်သာ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာကွယ်နိုင်မှာဖြစ်တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စစ်ရေးအရ ဖိအားပေးခြင်း၊ အတင်းအကျပ် တည်ဆောက်လို့မရပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု အခြေခံတရားများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်တယ်။ ယုံကြည်မှု၊ နားလည်မှု၊ စာနာမှုများဖြင့် တည်ဆောက်ရမှာဖြစ်တယ်။ လက်တွေ့လုပ်ငန်းဖြင့်သာ တည်ဆောက်ရမည်ဖြစ်တယ်။ ထို့အတူ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့်သာ ကာကွယ်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများရဲ့ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနဲ့အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်ဖြစ်တယ်။ ဒီလို ဖော်ဆောင်ရာမှာလည်း ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်ရန်ဖြစ်ပါတယ်။

## သုံးကြိမ်ကျင်းပနိုင်ခဲ့

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး နှစ်နှစ်ကျော်ကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သုံးကြိမ်ကျင်းပနိုင်ခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးပွဲကို တစ်ကြိမ်သာကျင်းပနိုင်ခဲ့တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြဋ္ဌာန်းချက်အရ ခြောက်လတစ်ကြိမ် မကျင်းပနိုင်ခဲ့ပါ။ နိုင်ငံရေးဆွေးနွေးပွဲ၏ အမြင့်ဆုံးအဆင့်ဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်မှ ရရှိလာသော နိုင်ငံရေးသဘောတူညီချက်များ၊ အဆိုပြုချက်များကို အတည်ပြုခြင်း၊ ပြည်ထောင်စု သဘောတူစာချုပ်အဖြစ်ဖြင့် ချုပ်ဆိုခြင်းများကို ဆောင်ရွက်ရတယ်။ သို့ရာတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြဋ္ဌာန်းချက်နှင့်အညီ မကျင်းပနိုင်ခြင်း၊ ဆွေးနွေးရမည့်အကြောင်းအရာအပေါ် အမြင်မတူညီမှုများကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သတ်မှတ်သည့်ကာလအတိုင်း မကျင်းပနိုင်ခဲ့ပါ။

## ကိုယ်စားပြုမှုအသီးသီးဖြင့် တက်ရောက်လာခြင်းဖြစ်

နိဂုံးချုပ်အနေဖြင့် ဒီကနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို တက်ရောက်လာကြတဲ့ နိုင်ငံခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်မှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီးက ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ကျွန်တော်တို့ဟာ ဒီညီလာခံကို နိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်း အဖြေရှာဖို့ ကိုယ်စားပြုမှု အသီးသီးဖြင့် တက်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အရေးအတွက် တက်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးမှု၊ ဆုံးဖြတ်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် အလွန်မှ အရေးကြီးပါတယ်။ ကျွန်တော်တို့မှာ တာဝန်အရှိဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆွေးနွေးဆုံးဖြတ်ချက်အားလုံးဟာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်၊ ကျွန်တော်တို့ ပြည်ထောင်စုမပြိုကွဲရေးအတွက် ပြည်ထောင်စုအချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုကောင်းမွန်စေမည့် ဆုံးဖြတ်ချက်များရရှိပါစေကြောင်း အလေးအနက် တိုက်တွန်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သုမင်္ဂလာလမ်း ပထမထပ်(ခ) အမှတ် (၂၇၉)တွင် ပါတီရုံးချုပ်တည်ရှိသော ယခင် **ရှစ်လေးလုံးပြည်သူ့ပါတီ (The Four Eights People's Party)**၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်ခြင်းခံရသဖြင့် ယင်းအဖွဲ့အစည်းက ပါတီ၏အမည်ကို **ပြည်သူ့ပါတီ (The People's Party)**ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ဇူလိုင် ၉ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ပြည်သူ့ပါတီ (The People's Party)**ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့ပါတီ (The People's Party) ၏ အလံပုံစံ



ပြည်သူ့ပါတီ (The People's Party) ၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းများ၌ ဇူလိုင် ၁၀ ရက်က ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Printer (Used) 6 Nos၊ Used Umbrella (1x100) ၁၀ ဖာ နှင့် ပုဇွန်နှစ်ကောင်စားဆီ (7 Liter) 22 Pkgs (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၂ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၇ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၀၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၂ သန်းခန့်) စုစုပေါင်း တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၉၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းငြိမ်းချမ်းရေးအတွက် လုပ်နိုင်တဲ့၊ လုပ်သင့်တဲ့အရာများကို လုပ်ဆောင်သွားနိုင်ဖို့ အထူးလိုအပ်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံရေးပါတီများကိုယ်စား ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်က ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်လာကြတဲ့ သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် သဘာပတိကြီးများနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်မကတော့ ရခိုင်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ ဒေါ်အေးနုစိန်ဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ် အခမ်းအနားမှာ ကျွန်မတို့ ရခိုင်အမျိုးသားပါတီရဲ့ အကြံပြုစာတမ်းကို တင်သွင်းထားခဲ့ပြီးဖြစ်ပါတယ်။ ဒီ (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံဟာ တန်းတူပြီး ချစ်ကြည်စည်းရုံးတဲ့၊ ငြိမ်းချမ်းပြီးဖွံ့ဖြိုးတဲ့ ပြည်ထောင်စုသစ်ကြီးပေါ်ထွန်းဖို့ မလွဲမသွေ လျှောက်ရမယ့်လမ်းဖြစ်တယ်လို့ ကျွန်မတို့ ရခိုင်အမျိုးသားပါတီက ယုံကြည်တဲ့အတွက် ရခိုင်ပြည်သူတွေကိုယ်စား တက်ရောက်လာခြင်းဖြစ်ပါတယ်။

ကျွန်မတို့ ရခိုင်ပြည်သူတွေဟာ ဗမာအပါအဝင် တိုင်းရင်းသားပေါင်းစုံနဲ့ လက်တွဲပြီး လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့၊ ဂျပန်ဖက်ဆစ်တွေကို တိုက်ပွဲဝင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရလာခဲ့ပေမယ့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ တစ်ပြည်ထောင်စနစ်အောက်မှာ ရခိုင်လူမျိုးတွေဟာ ပြည်နယ်အဆင့်ကိုတောင် မခံစားရတဲ့ဘဝကို ရောက်ရှိသွားခဲ့ကြရပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအောက်မှာ ရခိုင်ပြည်နယ်လို့ ပေါ်ထွက်လာခဲ့ပေမယ့် ရခိုင်ပြည်သူတွေရဲ့ ယဉ်ကျေးမှု၊ လူမှုစီးပွားဘဝဟာ ထူးခြားမလာခဲ့ပါဘူး။ လယ်ယာမြေစီးပွားရေး ပျက်သုဉ်းခဲ့ရပြီး သယံဇာတပေါကြွယ်ဝတဲ့ ပင်လယ်နဲ့၊ ရိုးမရှိတဲ့၊ ဂုဏ်ဝင်ယဉ်ကျေးမှု အမွေအနှစ်တွေရှိတဲ့ ရခိုင်ပြည်နယ်ဟာ ဆင်းရဲမွဲတေမှု ချောက်ကမ်းပါးထဲကို ထိုးဆင်းသွားခဲ့ကြရပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပျော့ကွက်၊ ဟာကွက်တွေ များစွာ ရှိပေမယ့်လည်း စစ်အာဏာရှင်စနစ် ပျောက်ကွယ်ပြီး ဒီမိုကရေစီလမ်းကြောင်း ပီပြင်လာရေးအတွက် ကျွန်မတို့ဟာ တရားဝင်နိုင်ငံရေးပါတီတည်ထောင်ပြီးတော့ ၂၀၁၀ နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို ဖြတ်သန်းခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်အဆင့်ဆင့်မှာလည်း ပါဝင်နေခဲ့ကြပြီး ဖြစ်ပါတယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများအားလုံးက ဖက်ဒရယ်ပြည်ထောင်စုသစ်ပေါ်ထွန်းလာရေးကို တညီတညွတ်တည်း ဆန္ဒရှိနေကြတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ယခု ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးဟာ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနဲ့ ကျွန်မတို့ ယုံကြည်မျှော်လင့်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အခြေခံအုတ်မြစ်တွေကို ချမှတ်ပေးနိုင်ရပါမယ်။ ဒါမှသာ ငြိမ်းချမ်းသာယာပြီး တန်းတူညီမျှမှုရှိသော စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းလာနိုင်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။



ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်။

ကျွန်မတို့ ရခိုင်အမျိုးသားပါတီမှာ ရည်မှန်းချက် ၃ ရပ်ရှိပါတယ်။

(၁) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် (ဆိုလိုသည်မှာ ရခိုင်လူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နှင့် မြန်မာ(ဗမာ)အပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရည်တူ အခွင့်အရေးကိုအာမခံသည့်၊ လူမျိုးကိုအခြေခံသော ပြည်နယ်များဖြင့် ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်။)

(၂) ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စု တိုင်းရင်းသားတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အဆိုပါ အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်။

(၃) ဒီမိုကရေစီစနစ် ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ပြည်နယ်များနှင့် ပြည်မအကြား ဖွံ့ဖြိုးတိုးတက်မှုမညီမျှတာ၊ ဗဟိုချုပ်ကိုင်မှုတင်းကျပ်တာ၊ စီမံခန့်ခွဲမှုညံ့ဖျင်းတာတွေကြောင့် ဗမာနဲ့ အခြားတိုင်းရင်းသားများအကြား ယုံကြည်မှုအားနည်းချက်ဖြစ်လာရတယ်လို့ ကျွန်မပြောချင်ပါတယ်။ မြန်မာ့နွေဦးလို့ ဂုဏ်ယူရမယ့်အချိန်မှာ ပြည်နယ်တွေဟာ ဆင်းရဲခြင်းအနိဋ္ဌာရုံတွေကတစ်မျိုး၊ တချို့နေရာတွေမှာဆိုရင် ဆိုးရွားကြီးမားတဲ့ စစ်ဘေးဒဏ်တွေကို ခံစားနေရတာဟာ အလွန်တရာအကျည်းတန် အရုပ်ဆိုးလွန်းနေပါတယ်။ အာရှနိုင်ငံတွေမှာ နည်းပညာဖွံ့ဖြိုးမှု၊ အတွေးအမြင်ဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုတွေနဲ့ မိမိနိုင်ငံပုံရိပ်ကို အကောင်းဆုံး ပုံဖော်နေကြချိန်မှာ ကျွန်မတို့ကတော့ နာတာရှည် လက်နက်ကိုင်ပဋိပက္ခမီးလျှံထဲက ရုန်းမထွက်နိုင်ဘဲ ညီနောင်အချင်းချင်း စစ်ခင်းနေရတာဟာ ဝမ်းနည်းစရာ အကောင်းဆုံးဖြစ်နေပါတယ်။ တိုင်းရင်းသားအင်အားစုတွေကို သဘောထားကျဉ်းမြောင်းသူတွေ၊ အစွန်းရောက်သူတွေလို့ မမှတ်ယူသင့်ပါဘူး။ အင်အားကြီးတဲ့ အင်အားစုတွေ အထူးသဖြင့် ဗမာပါတီကြီးတွေအပါအဝင် ခိုင်မာစွာတည်ဆောက်ထားတဲ့ တပ်မတော်ရဲ့ သဘောထားကြီးမှုကို ကျွန်မတို့ မျှော်လင့်ချင်ပါတယ်။ သဘောထားကြီးမှုအောက်မှာမှ သဘောထားကျဉ်းမြောင်းမှုတွေဟာ မှုန်ဝါးပျောက်ကွယ်သွားကြရစမြဲ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လုပ်နိုင်တဲ့၊ လုပ်သင့်တဲ့အရာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်သွားနိုင်ဖို့လည်း အထူးလိုအပ်ပါတယ်။

ကျွန်မတို့ရဲ့ ထွန်းသစ်စဒီမိုကရေစီနဲ့ နိုင်ငံအချုပ်အခြာအာဏာကို အဓိကခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုတွေထဲမှာ ရခိုင်အရေးလို့ သိနေ၊ ပြောနေကြတဲ့ ဘင်္ဂလီမူဆလင် ပြဿနာဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ သူတို့လှုပ်ရှားမှုဟာ အစပိုင်းမှာ လူ့အခွင့်အရေးကို အရေခြုံကြွေးကြော်ပြီး တိုင်းရင်းသားလူမျိုးသစ်အမည်တစ်ခု ပေါ်ထွန်းလာဖို့ လှုပ်ရှားမှုကနေ နောက်ဆုံးမှာ နယ်လုမြေလုစစ်ပွဲ ဆင်နွှဲတဲ့ အကြမ်းဖက်ဝါဒ လမ်းစဉ်ဖြစ်လာခဲ့ပါတယ်။ ပြည်တွင်းအရေးကို နိုင်ငံတကာအရေးဖြစ်လာအောင် ဒီဇိုင်းဆင်ပုံဖော်ခဲ့ကြပါတယ်။ အနောက်ဒီမိုကရေစီအင်အားကြီးနိုင်ငံတချို့၊ ကုလသမဂ္ဂ အဖွဲ့အစည်းတချို့နဲ့ OIC အဖွဲ့ဝင် နိုင်ငံတွေဟာလည်း နည်းမျိုးစုံနဲ့ ဖိအားပေးပြီးတော့ အချုပ်အခြာအာဏာကို ထိပါးတဲ့ လုပ်ရပ်တွေ လုပ်လာကြပါတယ်။ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင်ငံတကာ ပြဿနာကြီးတစ်ခုဖြစ်အောင် ဖန်တီးနေခဲ့ကြပါတယ်။

ရခိုင်မြေရဲ့ ဘင်္ဂလီမူဆလင်ပြဿနာဆိုင်ရာ အစကတော့ ဗြိတိသျှကိုလိုနီဆိုးမွေဖြစ်ပြီး တရားမဝင်နေထိုင်မှုနဲ့ နိုင်ငံသားပြဿနာကို ပြတ်ပြတ်သားသား မဖြေရှင်းနိုင်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတွင်းမှာရှိနေတဲ့ ဌာနေတိုင်းရင်းသား မဟုတ်သူများကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့အညီ စိစစ်ပြီး နိုင်ငံသားဖြစ်ခွင့်ရှိသူများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးပါ။ နိုင်ငံသားဖြစ်သူတွေကို မြန်မာနိုင်ငံအနှံ့ လွတ်လပ်စွာသွားလာနေထိုင်ခွင့်ပြုလိုက်ပါ။ နိုင်ငံသားဖြစ်ခွင့်မရှိသူများကိုတော့ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ နိုင်ငံအတွင်း နေထိုင်ကြတဲ့ လူသားအားလုံးအတွက် ဥပဒေအရ အခွင့်အရေးတန်းတူရှိမှုကို အခြေခံရမှာဖြစ်သလို နိုင်ငံတကာက ဖိအားပေး အဖြေရှာခိုင်းမှုတွေကိုလည်း အလျှော့မပေးမိဖို့ အထူးလိုအပ်လှပါတယ်။ ဘင်္ဂလီအရေးကိစ္စမှာ ရခိုင်နဲ့ ရခိုင်နွယ်ဖွား တိုင်းရင်းသားများရဲ့ မူလအခွင့်အရေးတွေ မဆုံးရှုံးသွားဖို့ အလွန်အရေးကြီးပါတယ်။ ဘင်္ဂလီအရေးဟာ အလွန်ရှုပ်ထွေးသွားပြီဖြစ်တဲ့အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ရဲ့ သဘောထားများဟာ တစ်သားတည်းရှိဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ရခိုင်အရေးလို့ ပြောနေကြတဲ့ကိစ္စမှာ ရခိုင်လူမျိုးများရဲ့အသံကို ဂရုစိုက်နားထောင်ဖို့၊ ရခိုင်တို့ရဲ့ နိုင်ငံရေးအခန်းကဏ္ဍကို မပစ်ပယ်ဖို့လည်း အရေးကြီးပါတယ်။

သဘာပတိကြီးရှင့် ကျွန်မတို့ဟာ သမိုင်းသစ်တစ်ခုကို ဖန်တီးဖို့ ဒီလိုနေရာကို ရောက်ရှိနေကြတာဖြစ်ပါတယ်။ ဒီကနေ့ အခမ်းအနားမှာ သေနတ်သံ၊ ဗုံးသံတွေဆူညံနေတဲ့၊ ယမ်းနံ့တွေမွှန်ထူနေတဲ့ ဟိုအဝေးမြောက်ဘက်ပိုင်း စစ်မြေပြင်က သွေးသားရင်းမောင်နှမတွေ ရောက်ရှိလာတာကို တွေ့မြင်ရလို့လည်း အထူးဝမ်းသာရပါတယ်။ ငြိမ်းချမ်းရေးဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့အတွက် သက်ဆိုင်သူအားလုံး ပါဝင်တဲ့ ပွင့်လင်းတဲ့ငြိမ်းချမ်းရေးညီလာခံဖြစ်ဖို့ လိုအပ်ပါတယ်။

အတိတ်သမိုင်းဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ သမိုင်းကြောင်းမတူကွဲပြားတဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံဖြစ်တာကြောင့် ပြည်ထောင်စုကြီးအဓွန့်ရှည်ရေးအတွက် ဘက်ပေါင်းစုံလေ့လာဆန်းစစ်ပြီးတော့ သဟဇာတဖြစ်နိုင်တဲ့ မူတွေချမှတ်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ ။

❂ စာမျက်နှာ ၅ မှ

ယနေ့ ဆွေးနွေးနေကြသည့် မိမိတို့ မဟုတ်ပါကြောင်း၊ ယနေ့အချိန်တွင် အရွယ်မရောက်ကြသေးသည့် မိမိတို့၏ တိုင်းရင်းသားပြည်သူ ကလေးငယ်များအတွက် ဖြစ်ပါကြောင်း၊ ၎င်းတို့ခေတ်များအတွက် မိမိတို့ ယနေ့ ဆွေးနွေးနေကြခြင်းဖြစ်ပါကြောင်း၊ ယင်းကို နှလုံးသွင်းဆင်ခြင်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများအနေဖြင့် အနာဂတ်တွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အခြေခံမူများကို ဆွေးနွေးကြရာတွင် လှေနံဓားထစ် ဆုပ်ကိုင်ရပ်တည်ခြင်းမျိုး မဟုတ်ဘဲ အပေးအယူ၊ အလျှော့အတင်းရှိပေးကြရန်၊ ညီလာခံတက်ရောက်စဉ်ကာလအတွင်း ကျန်းမာချမ်းသာစွာဖြင့် အေးအေးချမ်းချမ်းရှိကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ၏ လုပ်ငန်းအစီရင်ခံစာကို အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းကျော်ညွန့်က လည်းကောင်း၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ လုပ်ငန်းအစီရင်ခံစာကို JMC ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ပဒိုစောတာဒိုမှူးက နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် မင်းကျော်ဇေယျာဦးက စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် စိုင်းငင်းက လူမှုရေးကဏ္ဍဆိုင်ရာ မူဝါဒများကို လည်းကောင်း၊ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးအောင်စိုးက မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မူဝါဒများကိုလည်းကောင်း တင်သွင်းကြပြီး UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ရဲဘော်မျိုးဝင်းက လုံခြုံရေးကဏ္ဍဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် စောမြရာဇာလင်းက ညီလာခံကျင်းပမည့် ပုံစံနှင့် UPDJC အတွင်းရေးမှူးအဖွဲ့ဝင် တာလှဖေက ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားရှင်းလင်းကြသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ညီလာခံအစည်းအဝေးတွင် **နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာအဖြစ်** ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု၏ မည်သည့်နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှုရှိစေရေးအတွက် မူဝါဒချမှတ်ရန်၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတွင် ကျား/မ ရေးရာ အခြေပြု အကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကျား/မဆိုင်ရာ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် ဟူသည့် အဆိုပြုချက်များကို တင်သွင်းသည်။

**စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာအဖြစ်** တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူဝါဒများကို ရေးဆွဲချမှတ်ဖော်ဆောင်ခွင့်ရှိရမည်ဖြစ်ပြီး ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် မူဝါဒများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြား တိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်းစဉ်းစားရန် ဟူသည့် အဆိုပြုချက်ကို တင်သွင်းသည်။

**လူမှုရေးဆိုင်ရာ မူဝါဒအဆိုပြုလွှာအဖြစ်** ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လူတိုင်းအတွက် အကျုံးဝင်သည့် ပညာရေးစနစ် ဖော်ဆောင်ရန်၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ရပ်ကို ဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်စွာ စီမံဆောင်ရွက်ရန်၊ ကလေးသူငယ်အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု ၆ ချက် ပပျောက်ရေးကို ဦးတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန် ဟူသည့် အဆိုပြုချက်များကို တင်သွင်းသည်။

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာအဖြစ်** နိုင်ငံတွင်းရှိ မြေယာများအား နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားများနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ၊ မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည် ဟူသည့် အဆိုပြုချက်များကို တင်သွင်းသည်။

**သတင်းစဉ်**

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ - UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်**

၁။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ရခိုင်အမျိုးသားပါတီ (Arakan National Party-ANP)ဒုတိယ ဥက္ကဋ္ဌ ဒေါ်အေးနုစိန်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

၂။ ယင်းပြောကြားချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများအစုအဖွဲ့က အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်-

(က) ယင်းပြောကြားချက်သည် နိုင်ငံရေးပါတီများအစုအဖွဲ့၏ သဘောထားမဟုတ်ပါ။

(ခ) နိုင်ငံရေးပါတီများအစုအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းခြင်းမရှိဘဲ သက်ဆိုင်ရာပါတီ၏ သဘောထားကို ပြောကြားခြင်းသာဖြစ်ပါသည်။

(ဂ) ယင်း၏ပြောကြားချက်အချို့သည် လက်ရှိကြိုးပမ်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါ။

**နိုင်ငံရေးပါတီများအစုအဖွဲ့**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ- UPDJC**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ညီလာခံဖွင့်ပွဲ ပထမနေ့အပြီး ယနေ့ ညနေ ၄ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ထောင်စု သဘောတူစာချုပ် ဒုတိယ အစိတ်အပိုင်းအဖြစ် တင်သွင်းမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍလေးခုအတွက် အချက်ပေါင်း ၁၄ ချက်၊ မြန်မာနိုင်ငံမြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ သီးခြားတွေ့ဆုံသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဦးဇော်ဌေးက "လက်မှတ်မထိုးရသေးတဲ့ မြောက်ပိုင်း ခုနစ်ဖွဲ့တက်ရောက်တယ်၊ NCA ရေးထိုးဖို့ ညှိနှိုင်းဆောင်ရွက်နေတဲ့ KNPP ကိုယ်စားလှယ်တွေ စုံညီစွာ တက်ရောက်တယ်၊ နောက်မြောက်ပိုင်း ခုနစ်ဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံမှုတွေ လုပ်တယ်။ ဇူလိုင် ၁၂ ရက်နေ့မှာတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြောက်ပိုင်းအဖွဲ့တွေ တွေ့ဆုံဖို့ရှိပါမယ်၊ မီဒီယာတွေကိုဖိတ်မှာ မဟုတ်ပေမယ့် သတင်းထုတ်ပေးမှာ ဖြစ်ပါတယ်၊ KNPP အနေနဲ့လည်း ငြိမ်းချမ်းရေးကော်မရှင်နဲ့ သီးသန့်ဆွေးနွေးဖို့ ညှိနှိုင်းနေပါတယ်၊ **မြောက်ပိုင်းအဖွဲ့တွေအနေနဲ့ တပ်ပိုင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုတွေ အဓိကထားပြီး လုပ်ဆောင်ဖို့ဆောင်ရွက်**ထားပါတယ်၊ ငြိမ်းချမ်းရေးညီလာခံမှာ တင်သွင်းမယ့်အချက် စုစုပေါင်း ၁၄ ချက်ရှိပါတယ်"ဟု ပြောသည်။

NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက **"သူတို့အနေနဲ့ NCA စာချုပ် အမြန်ဆုံးချုပ်ဆိုဖို့ ကျွန်တော်တို့အနေနဲ့ မျှော်လင့်ပါတယ်၊ အဲဒါအပြင် ကျွန်တော်တို့ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေနဲ့ မထိုးထားတဲ့ အဖွဲ့တွေတွေ့ဖို့ ပြင်ဆင်ထားပါတယ်၊** ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ ဒီနေ့အထိ ၁၀ ဖွဲ့ပဲ လက်မှတ်ရေးထိုးနိုင်ခဲ့တာ ဖြစ်ပါတယ်၊ ဒါပေမယ့် လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တော်တော်များများ တက်ရောက်ကြတယ်၊ အခင်းအကျင်းကို လေ့လာကြတယ်၊ အခြေအနေကိုလည်း သုံးသပ်ကြတယ်၊ သူတို့ပါဝင်ဖို့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုတယ်၊ ကျွန်တော်တို့ကလည်း ကြိုဆိုတယ်၊ တစ်တိုင်းပြည်လုံးက ကြိုဆိုတယ်၊ ကျွန်တော်တို့ အစုအဖွဲ့ အသီးသီးအတွင်းမှာ ယုံကြည်မှုတွေ ခိုင်မာအောင် ဆက်ပြီးဆောင်ရွက်လို့ရတဲ့ အခင်းအကျင်း ဖြစ်တယ်၊ အဲဒီအတွက် အင်မတန် အကျိုးရှိတဲ့ ညီလာခံ ဖြစ်တယ်"ဟု ပြောသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍလေးခုအတွက် လုပ်ငန်းကော်မတီက တင်သွင်းသည့်အချက်များအနက် နိုင်ငံရေးကဏ္ဍတွင် လေးချက်၊ စီးပွားရေး ကဏ္ဍတွင် တစ်ချက်၊ လူမှုရေးကဏ္ဍတွင် ခုနစ်ချက်နှင့် မြေယာ ကဏ္ဍတွင် နှစ်ချက် စုစုပေါင်း အချက် ၁၄ ချက် ညီလာခံသို့ ပြည်ထောင်စု သဘောတူစာချုပ် ဒုတိယအစိတ်အပိုင်းအဖြစ် တင်သွင်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

ဦးလှမောင်ရွှေက ညီလာခံသို့ စီးပွားရေးကဏ္ဍတွင် ပြည်ထောင်စုသဘောတူစာချုပ် ဒုတိယအစိတ်အပိုင်း အဖြစ် အချက်တစ်ချက်သာ တင်သွင်းနိုင်ခြင်းနှင့် ပတ်သက်၍ **"စီးပွားရေးကဏ္ဍက တက်လာတဲ့ အချက် ၁၁ ချက်ကို UPDJC ကိုတင်တယ်၊ အချို့အစုအဖွဲ့တွေက သဘောတူပေမယ့် အချို့အစုအဖွဲ့က ဒါကို မူဝါဒအဖြစ် ယူဆလို့မရဘူး ဆိုတာလည်း ရှိပါတယ်၊ အားလုံးသဘောတူညီချက်အရ တစ်ချက်ပဲရတယ်၊ ဒီအရာက ပျက်မသွားပါဘူး၊ နောက်တစ်ကြိမ် ညီလာခံမတိုင်ခင် လုပ်ငန်းကော်မတီတွေ ထိုင်တဲ့အခါ ပြန်ဆွေးနွေးပါမယ်"**ဟု ပြောသည်။

ယင်းနောက် သတင်းမီဒီယာများ သိရှိလိုသည်များကို မေးမြန်းကြပြီး နိုင်ငံရေးပါတီ အစုအဖွဲ့ကိုယ်စားလှယ် စိုင်းကျော်ညွန့်က ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် ညီလာခံ၌ နိုင်ငံရေးပါတီအစုအဖွဲ့မှ ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်ပြောသည့် မိန့်ခွန်းသည် သက်ဆိုင်ရာပါတီ၏ သဘောထားသာဖြစ်ကြောင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့၏ သဘောထားမဟုတ်ကြောင်း ပြောကြား၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ သဘောထား ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက်မူ ဇူလိုင် ၁၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ တွေ့ဆုံမည်ဖြစ်ကြောင်း ဦးလှမောင်ရွှေထံမှ သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ၌ ဥပဒေမဲ့နေထိုင်သူများအား ရှင်းလင်းဖယ်ရှား နေအိမ်တစ်လုံးမှ လက်ပစ်ဗုံးနှင့် တုတ်၊ ဓား လက်နက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၁**

မောင်တောမြို့ သဘော်ကွေ့ကျေးရွာ မီးလောင်ပြင်နေရာ၌ ဥပဒေမဲ့ တဲအိမ်များ ဆောက်လုပ်၍ ဝင်ရောက်နေထိုင်သူများအား ဇူလိုင် ၉ ရက်တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်နေစဉ် ဥပဒေမဲ့နေထိုင်သူများအား စည်းရုံးဦးဆောင်နေသူ ဦးထွန်းမြင့်ဦး၏ နေအိမ်မှ စနက်တံပါ လက်ပစ်ဗုံးတစ်လုံး၊ တုတ်၊ ဓားလက်နက်များ၊ လက်ကိုင်စကားပြောစက်များ၊ ကျည်ကာအင်္ကျီတစ်ထည်၊ ကျည်ကာဖိုက်ဘာဦးထုပ် တစ်လုံး၊ ကင်မရာပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဖုန်းနှင့် ဆင်းကတ်တို့ကို သိမ်းဆည်းရမိပြီး သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဥပဒေမဲ့ဝင်ရောက်နေထိုင်သူများအား ကျောက်ပန္နူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး သက်ဆိုင်ရာက လတ်တလောအသုံးပြုနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ဥပဒေမဲ့ ဝင်ရောက်နေထိုင်သူများအား သက်ဆိုင်ရာက တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာ မရရှိဘဲ နေထိုင်မှုမပြုရန် တားမြစ်ထားခဲ့ပြီး လိုက်နာမှုမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကို အသိပေးအကြောင်းကြားခဲ့ကြောင်း၊ လိုက်နာဆောင်ရွက်မှုမရှိသဖြင့် ထပ်မံ၍သတိပေးစာ နှစ်ကြိမ်ထုတ်ပြန်ခဲ့ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်က သဘော်ကွေ့ကျေးရွာ မီးလောင်ပြင်နေရာမှ ပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၃၇ စုအား သက်ဆိုင်ရာက အင်းဒင်ကျေးရွာသစ်မြေနေရာသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဥပဒေမဲ့နေထိုင်သူ အိမ်ထောင်စု ၂၄ စုမှာ မပြောင်းရွှေ့ဘဲ ဆက်လက်နေထိုင်လျက်ရှိသဖြင့် သက်ဆိုင်ရာက ဥပဒေနှင့်အညီ ရှင်းလင်းဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ မီးလောင်ပြင်နေရာတွင် ဥပဒေမဲ့ဝင်ရောက်နေထိုင်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရလွယ်ကူသည့် မောင်တောမြို့နယ် အင်းဒင်ရဲစခန်း အရှေ့ဘက်တွင် ကျေးရွာသစ်မြေနေရာ ရွေးချယ်ပြီး ယာယီအဆောက်အအုံများ ဆောက်လုပ်ပေးကာ အမြဲနေထိုင်နိုင်ရေးအတွက် အခိုင်အမာ အဆောက်အအုံအလုံး ၁၀၀ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**



သဘော်ကွေ့ကျေးရွာ မီးလောင်ပြင်နေရာတွင် ဥပဒေမဲ့ ဝင်ရောက်ဆောက်လုပ်ထားသည့် လူနေတဲများအား တွေ့ရစဉ်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ**

# သေသောသူ ကြာလည်း မမေ့နိုင်

သတင်းဆောင်းပါး - မင်းသစ်(MNA)
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ်(၅၁)တွင် နှစ်ပေါင်းတစ်ရာခန့်ရှိ ရှေးမူလက်ရာမပျက် နှစ်ထပ်တိုက်အိမ်ကြီးက ပျက်စီးယိုယွင်းမှုမရှိဘဲ အကောင်းပကတိအတိုင်း ယနေ့တိုင် တည်ရှိနေသည်။

နှစ်ထပ်တိုက်အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် ဧည့်ခန်းမအနီးတွင် သစ်သားဘောင်ကွပ်ထားသည့် လူလတ်ပိုင်းအရွယ် အမျိုးသားဓာတ်ပုံနှင့် အသက်ကြီးကြီး အမျိုးသမီးဓာတ်ပုံတို့က အတူယှဉ်တွဲကာ ခန့်ညားထည်ဝါစွာ ရှိနေသည်။

အဆိုပါလူလတ်ပိုင်းအရွယ် အမျိုးသားဓာတ်ပုံကား မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းရင်းမသမာသူတို့လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း မကွယ်လွန်ခင်က ရိုက်ကူးထားသည့် ဓာတ်ပုံဖြစ်ပြီး အသက်ကြီးကြီး အမျိုးသမီးဓာတ်ပုံကား ၂၀၀၇ ခုနှစ်တွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်ခဲ့သည့် ၎င်း၏ ဇနီးဓာတ်ပုံတို့ပင်ဖြစ်သည်။

နှစ်ထပ်တိုက်အိမ်ကြီးတွင် အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်းသည် လုပ်ကြံမခံရမီအချိန်အထိ မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်ခဲ့ပြီး လက်ရှိအချိန်တွင်လည်း ကျန်ရစ်သူသားသမီးများ နေထိုင်လျက်ရှိသည်။

"ဒီအိမ်ကနေပဲ အဖေက ရုံးတက်တယ်၊ အိမ်အပေါ်ထပ်မှာ ဘုရားခန်းရှိတယ်၊ ဘုရားခန်းနားမှာပဲ



ဦးထွေးဝင်း

အဖေက စာရေး၊ စာဖတ်လုပ်တယ်တဲ့၊ အဖေ လုပ်ကြံခံရတော့ ကျွန်တော်က ရှစ်လသားပဲရှိသေးတယ်၊ အဖေနဲ့ပတ်သက်ပြီး အမေပြောပြလို့ သိရတာပါ"ဟု အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသားထွေးဖြစ်သူ ဦးထွေးဝင်းက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်ခင်စောနှင့် သားသမီးခြောက်ယောက် ကျန်ရှိခဲ့ပြီး ထိုစဉ်အချိန်က အကြီးဆုံးသမီးဖြစ်သူမှာ ၁၁ နှစ်ရှိပြီး အငယ်ဆုံးသားထွေးမှာ ရှစ်လသားအရွယ်သာ ရှိနေသည်။ ယခု အငယ်ဆုံးသားထွေးဖြစ်သူ ဦးထွေးဝင်းမှာ အသက် ၇၂ နှစ်အရွယ် ရောက်ရှိနေပြီဖြစ်သည်။

ဦးဘဝင်းသည် ဖခင် ရွှေနေ ဦးဖာ၊ မိခင် ဒေါ်စုတို့မှ မွေးဖွားသည့် သားသမီး ကိုးယောက်တွင် သားအကြီးဆုံးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီးလည်း ဖြစ်သည်။ ဦးဘဝင်းသည် ရိုးသားကြိုးစားသည့် လူငယ်တစ်ဦးဖြစ်ပြီး အစ်ကိုကြီး အဖအရာ ဆိုသလိုပင် ငယ်စဉ်ကပင် ညီ၊ ညီမငယ်များအပေါ် လူတော်လူကောင်း



အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ မိသားစုမှတ်တမ်းဓာတ်ပုံ။

များဖြစ်စေရန် အမြဲသွန်သင်ဆုံးမတတ်သူဖြစ်သည်။

"အဖေက သနားဖို့ကောင်းတယ်၊ ကောလိပ်တက်ပြီး အလုပ်ဝင်ခဲ့တာ၊ ညီတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးအောင်သန်းကို ထောက်ပံ့ပေးခဲ့တယ်၊ ဗိုလ်ချုပ်အောင်ဆန်းဆို ငါးတန်းကနေ ဆယ်တန်းအထိ ထောက်ပံ့ပေးခဲ့တယ်၊ ဗိုလ်ချုပ်အောင်ဆန်းကိုခေါ်ပြီး အင်္ဂလိပ်ရုပ်ရှင်ကားတွေ သွားကြည့်တယ်၊ ပြီးရင် ဘာသာပြန်ခိုင်းတယ်"ဟု မိခင်ဖြစ်သူ ပြန်လည်ပြောပြခဲ့သည့် ဖခင် ဦးဘဝင်းနှင့်ပတ်သက်၍ အမှတ်တရဖြစ်စရာများကို သားဖြစ်သူ ဦးထွေးဝင်းက ပြောပြသည်။

ဦးဘဝင်းသည် မန္တလေးဥပစာကောလိပ်မှ ဥပစာတန်းအောင်မြင်သူများတွင် ပထမရရှိခဲ့ပြီး သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များတွင် ထူးချွန်စွာအောင်မြင်ခဲ့ကာ ၁၉၂၉ ခုနှစ်တွင် ဘီအက်(စ်)စီ သင်္ချာဂုဏ်ထူးတန်း အောင်မြင်ခဲ့သည်။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေးလှုပ်ရှားမှုအနေဖြင့် ရေနံချောင်းမြို့ ဖဆပလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း၏အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တိုင်းပြု ပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီတွင်လည်း ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သူဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း ကျန်ရစ်သူဇနီးသည်များအား လုပ်ကိုင်စားသောက်နိုင်ရန် ထိုစဉ်အချိန်က BOC ကုမ္ပဏီက ဆီရောင်းချခွင့်ပါမစ်ချထားပေးခဲ့ကာ နိုင်ငံတော်ကလည်း ထောက်ပံ့ငွေ ကျပ်တစ်သိန်း ထောက်ပံ့ပေးခဲ့ပြီး အဆိုပါထောက်ပံ့ငွေများ မပျောက်ပျက်စေရန် မြန်မာ့အလင်း ဦးတင်တို့ပါဝင်သည့် အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြောင်း ဦးထွေးဝင်းက ပြောပြသည်။

ဦးနေဝင်း တက်လာပြီးနောက်ပိုင်းတွင် အဆိုပါဓာတ်ဆီဆိုင်နှင့် မြေနေရာကို ပြည်သူပိုင်အဖြစ် သိမ်းယူပြီး တစ်လငွေကျပ် ၁၀၀၀ သာ ထောက်ပံ့ငွေအဖြစ် ပေးခဲ့ရာ တရိပ်ရိပ်တက်လာသည့် ကုန်ဈေးနှုန်းကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများမှာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

"ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က မယူခဲ့ဘူး၊ ရဲဘော်ကိုထွေးလည်း မရဘူး၊ ကျန်တဲ့ခေါင်းဆောင်တွေရဲ့ မိသားစုဝင်တွေတော့ ရတယ်၊ အဲဒီတုန်းကတော့ အဆင်ပြေတာပေါ့၊ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်း စီးပွားရေးကျပ်လာတယ်၊ ပြန်ရဖို့အတွက် အကြိမ်ကြိမ်ပြန်လျှောက်ခဲ့ပေမယ့် မရခဲ့ပါဘူး"ဟု ဦးထွေးဝင်းက အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြသည်။

ဦးထွေးဝင်းအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီး၏ သားဖြစ်သော်လည်း ထိုခေတ်အခါက ဘွဲ့ရပြီး အလုပ်အကိုင် အတည်တကျမရှိသေးချိန်တွင် အငှားယာဉ်မောင်းအဖြစ် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းခဲ့ရကြောင်း ပြောပြသည်။

"ရက္ခဗေဒနဲ့ ဘွဲ့ရတယ်၊ သစ်ပင်တွေစိုက်တယ်၊ နောက်တော့ သူငယ်ချင်း လေးဘီးကားနဲ့ တက္ကစီဆွဲတယ်၊ အာဇာနည်ခေါင်းဆောင်ကြီးသားဖြစ်ပေမယ့် တက္ကစီမောင်းရတာ မရှက်ပါဘူး၊ ရိုးရိုးသားသားလုပ်စားတာပဲ သိမ်ငယ်တဲ့စိတ်မရှိပါဘူး၊ နောက်တော့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်တယ်၊ မိန်းမကလည်းရနေပြီဆိုတော့ အလုပ်ကလည်း ရွေးလို့မရတော့ဘူး"ဟု ပြောသည်။

ဦးထွေးဝင်းအရွယ်ရောက်ချိန်တွင် မိခင်ဖြစ်သူက အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ဗိမာန်သို့ ဖခင်ဖြစ်သူအား ဂါရဝပြုရန် ခေါ်ဆောင်သွားရာ ယနေ့တိုင် အာဇာနည်နေ့တိုင်း နှစ်စဉ် မပျက်မကွက် သွားရောက်ဂါရဝပြုကြောင်း ပြောပြသည်။

"အဖေ့အကြောင်းကို ကျောင်းတက်တဲ့ အရွယ်ကျမှ သိခဲ့ရတာ၊ အာဇာနည်နေ့ရောက်တိုင်း အမေက အမြဲတမ်း အာဇာနည်ဗိမာန်ကိုခေါ်သွားတယ်၊ အာဇာနည်နေ့ရောက်တိုင်း အဖေ့အတွက် ကောင်းမှုကုသိုလ်ပြုပေးတယ်၊ သံဃာတော်တွေကို ဆွမ်းကပ်တယ်၊ အမေနဲ့ အစ်မကြီးဆုံးသွားပေမယ့် ကျန်တဲ့မောင်နှမတွေကတော့ ဒီခြံကြီးထဲမှာပဲ သိုက်သိုက်ဝန်းဝန်းနဲ့ နေထိုင်ကြပါတယ်"ဟု ဦးထွေးဝင်းက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၇၁ နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး သေသောသူကြာရင်မေ့ ဆိုရိုးစကားရှိသော်လည်း ကာယကံရှင်မိသားစုဝင်များအဖို့ မေ့ပျောက်နိုင်မည် မဟုတ်သလို မြန်မာပြည်သူပြည်သားများသည်လည်း မေ့နိုင်မည် မဟုတ်ပေ။

ဖခင်ဖြစ်သူ နောက်ဆုံးနေခဲ့သည့် နှစ်ထပ်တိုက်အိမ်ကြီးကိုငေးကြည့်ရင်း ဦးထွေးဝင်းက "အဖေ့အတွက် ကောင်းမှုကုသိုလ် လုပ်မယ်၊ အာဇာနည်ဗိမာန်ကို တက်ရောက်ဖို့လည်း စာရင်းပေးထားတယ်၊ အစ်ကိုကြီး ဒေါက်တာစိန်ဝင်းလည်း ဒီနှစ်ပြန်လာမယ် ပြောတယ်၊ နိုင်ငံခြားမှာမွေးခဲ့တဲ့ သူ့သားလေးကိုလည်း အာဇာနည်ဗိမာန်ခေါ်ပြီး သူ့အဘိုးအကြောင်း ပြောပြချင်နေတယ်"ဟု ပြောသည်။ ။



## ဦးဘဝင်း
### (၁၁ ဇွန် ၁၉၀၁ - ၁၉ ဇူလိုင် ၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးအဖြစ် ဦးဘဝင်း ပါဝင်ခဲ့သည်။

နတ်မောက်မြို့ ရှေ့နေ ဦးဖာ၊ ဒေါ်စုတို့၏ သားသမီးကိုးယောက်အနက် ဦးဘဝင်းသည် အကြီးဆုံးသားဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီးဖြစ်ပြီး ၁၉၀၁ ခုနှစ် ဇွန်လ ၁၁ ရက် အင်္ဂါနေ့တွင် မွေးဖွားသည်။

မန္တလေး ဥပစာကောလိပ်မှ ဥပစာတန်းအောင်မြင်သူများတွင် ပထမရရှိခဲ့သည်။ သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များတွင် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ဘီအက်(စ်)စီ သင်္ချာဂုဏ်ထူးတန်းအောင်မြင်သည်။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့မှ ဦးအံ့၊ ဒေါ်ရွှေမေတို့၏သမီး ဒေါ်ခင်စောနှင့် လက်ထပ်ခဲ့သည်။

ရေနံချောင်းမြို့ ဖဆပလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများကိုလည်း အားပေးကူညီခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် တိုင်းပြု ပြည်ပြုလွှတ်တော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးကော်မတီတွင်လည်း ပါဝင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး ကွယ်လွန်သည်။

**"ဦးဘဝင်းသည် မန္တလေးဥပစာကောလိပ်မှ ဥပစာတန်း အောင်မြင်သူများတွင် ပထမရရှိခဲ့ပြီး သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များတွင် ထူးချွန်စွာအောင်မြင်ခဲ့ကာ ၁၉၂၉ ခုနှစ်တွင် ဘီအက်(စ်)စီ သင်္ချာဂုဏ်ထူးတန်း အောင်မြင်ခဲ့သည်။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။"**

# (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေးမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့

oe;zdddunifu)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၁၁ ရက်တွင် စတင်ကျင်းပနေပြီဖြစ်ပါသည်။ ထိုအစည်းအဝေးကို ဇူလိုင် ၁၆ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။ ယခုအကြိမ်ပြုလုပ်မည့် အစည်းအဝေးသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး လိုလိုလည်း တက်ရောက်နေကြကြောင်း သတင်းများတွင် တွေ့ရသည်။ သို့အတွက် ကျွန်ုပ်တို့ပြည်သူများ အနေဖြင့် ယခုအကြိမ်ပြုလုပ်နေသည့် အစည်းအဝေးတွင် မည်သို့သောအကြောင်းအရာများကို တင်သွင်းဆွေးနွေးနေကြသလဲ၊ ယခင်အစည်းအဝေးနှစ်ကြိမ်လုပ်ခဲ့စဉ်က မည်သည့်အချက်များကို သဘောတူစာချုပ်ချုပ်ကြသလဲ၊ ဘယ်ကာလတွေက ပြုလုပ်ခဲ့ကြသလဲ၊ နောက်ခံအကြောင်းကရောဘယ်လိုရှိသလဲ စသည်ဖြင့် သိရှိထားရန်လိုလာပါသည်။ သည့်အတွက် ယခုဆောင်းပါးတွင်ယခင်ကပြုလုပ်ခဲ့သမျှကို အကျဉ်းချုံးပြီး ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုစာချုပ်အစ NCA က

၂၀၁၁ ခုနှစ်တွင်စတင်ခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်အစ ယခင်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ (UPWC)တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ဖွဲ့စည်းထားသည့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုကော်မတီ (NCCT) ဖြင့် ကနဦးစေ့စပ်ညှိနှိုင်းဆွေးနွေးကြပြီး ပထမဆုံးအကြိမ်အဖြစ် အစည်းအဝေးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စတင်နိုင်ခဲ့ကြသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံခဲ့ကြပြီး ဆွေးနွေးပွဲများကို အလွတ်သဘော (၂၂) ကြိမ်နှင့် တရားဝင် ခုနစ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ ထို့နောက်တွင်မှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို ယခင်အစိုးရလက်ထက် သက်တမ်းကုန်ခါနီးချိန်တွင် နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်ကိုယ်တိုင်ဦးဆောင်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်ကို အားလုံးသိပြီး ဖြစ်ကြပေမည်။

## NCA ထဲ ပါဝင်သည့်အချက်များ

NCA စာချုပ်ကြီးတွင် အဓိကပါဝင်သည်မှာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တိုင်းရင်းသားအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့်အဆင့်များကို နိုင်ငံရေးလမ်းပြမြေပုံအဖြစ်ချမှတ်ထားသည်ကို တွေ့ရသည်။ ထိုစာချုပ်ထဲတွင်ပါဝင်သည့် နိုင်ငံရေးမူဘောင်များကို ချမှတ်အခြေခံပြီး ထိုအပေါ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ ဆွေးနွေးခြင်း၊ နှစ်ဖက်သဘောတူညီကြသည့် ဆောင်ရွက်ဖွယ်ရာကိစ္စများကို ဆက်လက်ဆောင်ရွက်ကြခြင်းနှင့် နောက်ဆက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပကြခြင်း၊ ညီလာခံတွင် နိုင်ငံရေးမူဘောင်တွေဆွေးနွေးခြင်း (Political Dialogue) နှင့် ထိုဆွေးနွေးပွဲများမှရရှိလာသည့် သဘောတူညီချက်များကိုစုစည်းပြီး ပြည်ထောင်စုစာချုပ် (Union Peace Accord) ချုပ်ဆိုခြင်း၊ ထို့နောက် အဆိုပါစာချုပ်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခြင်းနှင့် နောက်ဆုံးတွင် ထိုစာချုပ်ပါအချက်များကို အခြေခံကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ရေးဆွဲကြခြင်း စသည့်အချက်များပါဝင်သည်ကို လေ့လာကြရမည်ဖြစ်သည်။ သို့အတွက် ယခင်ဒုတိယအကြိမ်အစည်းအဝေးတွင် တိုင်းရင်းသားများနှင့် သဘောတူချုပ်ဆိုခဲ့သည့် ပြည်ထောင်စုစာချုပ်အပိုင်း(၁)ကို ပြီးခဲ့သည့်နှစ်တွင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိသည်ကိုလည်း ကြားဖူးကြပြီးဖြစ်မည်ထင်သည်။

## (၂၁)ရာစုပင်လုံညီလာခံ ကျင်းပနိုင်ရန် ပြင်ဆင်ခဲ့

ထို NCA စာချုပ်ထဲတွင်ပါဝင်သည့်အချက်များ အပေါ်အခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုအစိုးရအနေဖြင့် အရှိန်အဟုန်မပျက်စေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ မေ ၂၇ ရက်တွင် ယခင်ကဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ကို ယခင်အစိုးရလက်ထက် ဖော်ဆောင်ပေးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်အခြေခံကာ တပ်မတော်နှင့်လက်တွဲပြီး အောင်မြင်အောင် ပူးပေါင်းဖော်ဆောင် လုပ်ဆောင်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထို့အတွက် ၂၀၁၆ ဇွန် ၂၈ ရက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံညီလာခံကျင်းပရေးအတွက် ပြင်ဆင်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊ ၎င်းနောက် ဇူလိုင် ၁၁ ရက်တွင် နိုင်ငံတော်သမ္မတဦးထင်ကျော်က “ငြိမ်းချမ်းရေးကော်မရှင်” တစ်ရပ်ကို အကြံပေးအဖွဲ့ဝင် သုံးဦး၊ အထောက်အကူပြုအဖွဲ့ဝင်ခုနစ်ဦးတို့နှင့် ထပ်မံဖွဲ့စည်းပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့သည်။

> မိမိတို့နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိပြီး တောင်တန်းဒေသ ပြည်မတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာနေရာမှ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ပူးပေါင်း အားပေးဆောင်ရွက်ကြစေလို . . .

## ပထမအကြိမ် အစည်းအဝေးကျင်းပ

ထို့အပြင် NCA လက်မှတ်မရေးထိုးရသေးသည့် အခြားတိုင်းရင်းသားလက်နက်ကိုင် ကိုးဖွဲ့နှင့် ဖွဲ့စည်းထားသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့မှ ခေါင်းဆောင်များနှင့်လည်း ၂၀၁၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ အလွတ်သဘော မိသားစုဆန်ဆန်တွေ့ဆုံညှိနှိုင်းတိုင်ပင်ပြီး ဩဂုတ် ၂၂ ရက်တွင်မူ ယခင်က ရှိခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework For Political Dialogue) ကိုပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက်တွင် ၂၀၁၆ ဩဂုတ် ၃၁ ရက် အရောက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကို ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့ကြလေသည်။ ထိုညီလာခံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက တက်ရောက် မိန့်ခွန်းပြောကြားခဲ့ကာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ခြောက်နေရာ ကျင်းပခဲ့ကြသည်။ ထိုညီလာခံတွင်တင်ပြလာသည့် အဆိုတင်သွင်းချက်များနှင့် အစုအဖွဲ့နှစ်ခုကတင်သွင်းလာသည့် စာတမ်းစုစုပေါင်းရှစ်စောင်ကို အခြေခံပြီး ဆွေးနွေးခဲ့ကြသည်။ နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲမှ အခြေခံမူခုနစ်ခုတွင် ခြောက်ခုကို အတည်ပြုနိုင်ခဲ့ကြပြီး အခြားသဘောတူညီချက်များကိုမူ ၂၀၁၇ ခုနှစ် မေ ၂၄ ရက်က ပြန်လည်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် တင်ပြသွားကြမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်ကို တွေ့ရသည်။

## ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

ထို့နောက်ပိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များအတွက် ကြားကာလများတွင် တိုင်းရင်းသားအဖွဲ့များနှင့် အစည်းအဝေးများ အကြိမ်ကြိမ် ပြုလုပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီးသည့်အခါ ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်ထိ နေပြည်တော် MICC.IIတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ၏ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပါသ[illegible] ထိုအစည်းအဝေးတွင်မူ ပထမအကြိမ်အစည်းအ[illegible] ကာလတွင် ဆွေးနွေးသဘောတူညီချက်များအ[illegible] အစည်းအဝေး (၁၁) ကြိမ်ထိ ပြုလုပ်ခဲ့ကြပြီး နိုင်[illegible] တွေ့ဆုံဆွေးနွေးမှုမူဘောင်၏ သတ်မှတ်ချက်[illegible] နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပခဲ့ကြသည်ကို မြင်ခဲ့ရသည်။ ထိုဆွေးနွေးပွဲများတွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသအလိုက်၊ ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့မှုများကို စုစည်းနိုင်ခဲ့ကြပြီး နောက်ဆုံးတွင် တိုးတက်မှုအဖြစ် ပြည်ထောင်စုစာချုပ် အစိတ်အပိုင်း (၁) ကို မေ ၂၉ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

## ပြည်ထောင်စုစာချုပ် အစိတ်အပိုင်း(၁) ချုပ်ဆိုနိုင်ခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်နိုင်ခဲ့

ပြည်ထောင်စုစာချုပ်အပိုင်း(၁)တွင် တိုင်းရင်းသားအားလုံးနှင့် သဘောတူညီချက်ရရှိခဲ့ကြသည့် နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၁၂ ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၁၁ ချက်၊ လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် ၄ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် ၁၀ ချက် စုစုပေါင်း ၃၇ ချက်တို့ ပါဝင်ချုပ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။ ထိုဒုတိယအကြိမ်အစည်းအဝေးသို့ ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ ရက္ခိုင့်တပ်မတော် (AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

## တတိယအကြိမ်အစည်းအဝေးအတွက်ပြင်ဆင်

ထို့နောက်တွင် ထိုအစည်းအဝေးမှရရှိလာသည့် သဘောတူညီချက်များအတွက် လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်မည့်သူများအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကို ဖွဲ့စည်းခဲ့ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို အသီးသီးဆောင်ရွက်ခြင်း၊ ကျန်ကော်မတီများမှလည်း အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပကာ ဆွေးနွေးတိုင်ပင်ကြခြင်းများကို အချိန်ယူဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ထို့နောက်တွင်မှ ယခုလို တတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၁၁ ရက်ကျင်းပရန် ဖြစ်တည်လာခဲ့ခြင်း ဖြစ်သည်။

## ပြည်ထောင်စု စာချုပ်အပိုင်း (၂) အတွက် သဘောတူညီချက် များစွာရရှိလာနိုင်

ယခုပြုလုပ်မည့် တတိယအကြိမ်အစည်းအဝေးတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) ကို ချုပ်ဆိုရန်ဖြစ်လာနိုင်ပြီး ဖတ်ရသည့်သတင်းများအရဆိုလျှင် နိုင်ငံရေးကဏ္ဍတွင် ခုနစ်ချက်၊ စီးပွားရေးကဏ္ဍတွင် ၁၁ ချက်၊ လူမှုရေးကဏ္ဍတွင် ကိုးချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာတွင် ငါးချက်နှင့် အခြားကဏ္ဍများအတွက် စုစုပေါင်းသဘောတူညီချက်ပေါင်း ၉၀ ခန့်ကို တင်သွင်းဆွေးနွေးရန် ရည်မှန်းထားကြောင်း သိရသည်။

## (၂၁) ရာစုပင်လုံအစည်းအဝေး အဆက်ဆက်မှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့

နိဂုံးချုပ်အနေဖြင့် အထက်တွင်ခြုံငုံပြီး အကျဉ်းချုံးကာ အကြမ်းဖျင်းတင်ပြခဲ့သည့်အချက်များအရဆိုလျှင် ယခုရက်ပိုင်းအတွင်း ကျင်းပနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် တိုင်းရင်းသားအဖွဲ့များအားလုံး တက်ရောက်လာကြပြီး အားလုံးဆွေးနွေးနေကြပြီဖြစ်ရာ အစည်းအဝေးတစ်ကြိမ်ပြီးတိုင်းလည်း သဘောတူညီချက်များ ပိုမိုရရှိကာ ပြည်ထောင်စုစာချုပ်များကို အပိုင်းလိုက်ချုပ်ဆိုသွားနိုင်တော့မည်လည်း ဖြစ်ပါသည်။ သို့အတွက် ကျွန်ုပ်တို့နိုင်ငံသားအားလုံးကသော်လည်းကောင်း၊ နိုင်ငံရေးပါတီများကသော်လည်းကောင်း၊ ပြင်ပလူမှုရေးအဖွဲ့အစည်းများကသော်လည်းကောင်း၊ သတင်းမီဒီယာအားလုံးကသော်လည်းကောင်း မိမိတို့နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိပြီး တောင်တန်းဒေသ ပြည်မတစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ကျရာနေရာမှ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ပူးပေါင်းအားပေးဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# မြစ်အတွင်းသို့ စက်သုံးဆီများ တိုက်ရိုက်စွန့်ပစ်ခြင်းနှင့် ဖိတ်စဉ်မှုများကို သတိပြုသင့်

**မုံရွာ ဇူလိုင် ၁၁**
ချင်းတွင်းမြစ်တစ်လျှောက် အထက်အောက် စုန်ဆန်သွားလာပြေးဆွဲလျက်ရှိသော ရေယာဉ်များအနေဖြင့် စက်သုံးဆီအကြွင်းအကျန်များကို မြစ်အတွင်း ဖိတ်စဉ်မှုများနှင့် စွန့်ပစ်မှုများသည် မြစ်ရေညစ်ညမ်းမှုကို ဖြစ်စေနိုင်သဖြင့် သတိပြုဆင်ခြင်သင့်ကြောင်း မုံရွာတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဇော်မြင့်နီ၏ ပြောကြားချက်အရ သိရသည်။

"ရေရဲ့ အနေအထား၊ ရေထဲမှာကျင်လည်ကျက်စားနေတဲ့ အကောင်တွေအတွက် အဓိကအန္တရာယ်ရှိတယ်၊ ဆီတွေက မြစ်ကြောင်းတစ်လျှောက်ကို ဖြတ်သန်းသွားရင်လည်း ဒုက္ခပေးသွားမယ်၊ နောက်ဆုံး ပင်လယ်ထဲရောက်သွားမယ် အဲဒါကို သတိပြုသင့်တယ်" ဟု မုံရွာတက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဇော်မြင့်နီက ပြောသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ရေကြောင်းသွား ရေယာဉ်ဥပဒေစာအုပ်၏ စာမျက်နှာ ၂၇ ပုဒ်မ (၃၄) တွင် ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေရန် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းကိုဖြစ်စေ၊ ရေနံသို့မဟုတ် ရေနံရောထားသော ပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပြီး ထိုသို့ဖောက်ဖျက်ကျူးလွန်ပါက အပိုဒ် (၄၄) တွင် ပုဒ်မ (၃၄) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် နှစ်နှစ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးငါးသိန်းမှ ၂၅ သိန်းအထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိကြောင်း လေ့လာသိရှိရသည်။

ရေထဲတွင် စက်သုံးဆီရောက်ရှိနေလျှင် ငါးမျိုးစိတ်များ၏ မျိုးပွားအင်္ဂါများကို ထိခိုက်နိုင်ကြောင်း အချိန်ကြာလာပါက အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း၊ နောက်ဆုံးတွင် ပင်လယ်ထဲရောက်သွားချိန်တွင် ရေငန်နေသတ္တဝါများ၏ မျိုးပွားအင်္ဂါကိုထိခိုက်နိုင်ကြောင်း ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အင်ဂျင်ပြင်ဆင်ချိန်နဲ့ ရေယာဉ်များဝမ်းဗိုက်အတွင်းမှာရှိတဲ့ သင်္ဘောအောက်ကြမ်းခင်းမှာ ဒီဇယ်ဆီရောနေတဲ့ ရေတွေက ချင်းတွင်းမြစ်ထဲကို တိုက်ရိုက်ရောက်သွားတယ်၊ စက်သုံးဆီ အတင်အချ လုပ်ချိန်တွေမှာလည်း ဖိတ်စဉ်မှုကြောင့် မြစ်ရေထဲရောက်တယ်" ဟု မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်စည်များ ပို့ဆောင်ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်မှ ရေယာဉ်ဝန်ထမ်းကိုနေဝင်းဦးက ပြောသည်။

မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများအပြင် ကချင်ပြည်နယ်အတွင်းရှိ တာမခံ၊ ဟောင်ဖားဒေသများအထိ ပြေးဆွဲပေးလျက်ရှိသော လူစီးအမြန်ရေယာဉ် ၁၉၆ စင်း၊ ဒီဇယ်ဆီအပါအဝင် ကုန်စည်တင်ရေယာဉ် ၃၁၄ စင်း၊ မြင်းကောင်ရေ ၂၀ အောက် ရေယာဉ် ၂၀၅ စင်း၊ မြင်းကောင်ရေ ၂၀ အထက် ရေယာဉ် ၇၀၃ စင်း၊ တွဲသင်္ဘော ၃၉ စင်း၊ စက်မဲ့ဆီတွဲ ၁၃ စင်း၊ စက်မဲ့ကုန်တွဲ ကိုးစင်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



wdkif;Ekdifiwp&m

## အာဇာနည်နေ့အကြိုကဗျာရွတ်ဆိုပြိုင်

**လင်းခေး**
(၇၁) နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အာဇာနည်နေ့အကြိုကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (လူထုအခြေပြုဗဟိုဌာန)ရှိ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်း(ခွဲ )ပုန်းထွန်နှင့် တောင်ရွာကျောင်းမှ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီး တက်ရောက်လာကြသူများက (၇၁) နှစ်မြောက် အာဇာနည်နေ့အကြို နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းအတွင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## မန္တလေးတက္ကသိုလ်၏ ၇၈ လမ်း အနောက်ဂိတ်ဝင်ပေါက်ယာယီပိတ်

**မန္တလေး**
မန္တလေးတက္ကသိုလ်၏ လုံခြုံရေးလိုအပ်ချက်အရ မဟာအောင်မြေမြို့နယ် ၇၈ လမ်း အနောက်ဂိတ်ဝင်ပေါက်အား ဇူလိုင် ၁၁ ရက်မှစတင်ကာ ယာယီပိတ်ထားပြီး တက္ကသိုလ် ကြို၊ ပို့ယာဉ်များနှင့် ဝန်ထမ်းများ ဝင်ထွက်သွားလာခြင်းကို ၇၃ လမ်း ပင်မဂိတ်မှသာ သွားလာကြရန် အသိပေးထားသည်။

မန္တလေးတက္ကသိုလ်အတွင်းတက္ကသိုလ်နှင့် မပတ်သက်သူများ ၇၈ လမ်းဝင်ပေါက်မှ ဖြတ်လမ်းအဖြစ်အသုံးပြု၍ ဝင်ထွက်သွားလာကြပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဆိုင်ကယ်များ ပျောက်ဆုံးမှု၊ ဖုန်းနှင့် ပိုက်ဆံအိတ်လုယက်မှုများ အထိကျူးလွန်မှုများဖြစ်ပွားခဲ့သဖြင့် တက္ကသိုလ်အတွင်းလုံခြုံရေးတိုးမြှင့်ကာ ၇၈ လမ်း အနောက်ဂိတ်အားပိတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများ စလင်းစာတိုက်မှတစ်ဆင့်ပေးပို့

**စလင်း**
၂၀၁၇-၂၀၁၈ ပညာသင်နှစ် စလင်းမြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်ခွင့်အဆိုပြုလျှောက်လွှာများကို ဇွန် ၂၆ ရက်မှစတင်၍ စလင်းမြန်မာ့စာတိုက်လုပ်ငန်းသို့ ပေးပို့လျက်ရှိသည်။

ဝင်ခွင့်လျှောက်လွှာများကို မကွေးမြန်မာ့စာပို့လုပ်ငန်းမှတစ်ဆင့် ၎င်းတို့လျှောက်ထားရာ ဆိုင်ရာတက္ကသိုလ်ဌာနများသို့ ပို့ဆောင်သွားမည်ဖြစ်သည်။ ဇူလိုင် ၉ ရက်ထိ တက္ကသိုလ်အသီးသီးသို့ လျှောက်ထားသည့် ကျောင်းသား ကျောင်းသူ ၁၆၀ ခန့်ရှိပြီဖြစ်ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**

# ပုပ္ပားတောင်ကလပ်မြေပြိုကျမှုအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ လေ့လာအကြံပြုချက်များအပေါ် ဒေသခံပြည်သူများအား ထပ်ဆင့်ရှင်းလင်း

**ကျောက်ပန်းတောင်း ဇူလိုင် ၁၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် မြေသားကျွံကျနိမ့်ဆင်းမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီး ၎င်းလေ့လာတွေ့ရှိချက်များအပေါ် ဒေသခံပြည်သူများအား ထပ်ဆင့်အသိပေးရှင်းလင်းခြင်းကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီက တောင်ကလပ်အခြေရှိ အောင်ဓမ္မာရုံ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အောင်သိဒ္ဓိကုန်းမြေပြိုမှုကိုဆန်းစစ်တွေ့ရှိချက်များ၊ မြေပြိုခြင်း လျော့နည်းစေရေး မြေယာအသုံးပြုမှု အစီအစဉ်ရေးဆွဲရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တောင်ကလပ်အောက်ခြေမြေပြိုမှုနှင့် မြေပြိုသည့်အကြောင်းအရင်းကို ဆန်းစစ်လေ့လာမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသခံပြည်သူများအနေဖြင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရန် လိုအပ်နေသည့် အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က မိမိတို့ ပုပ္ပားတောင်ကလပ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးမှာ အရေးကြီးသလို ဒေသခံပြည်သူများ၏ လူနေမှုဘဝလုံခြုံရေး၊ အသက်အန္တရာယ်လုံခြုံရေးမှာလည်း အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ မိမိတို့တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြေကျွံမှုများမဖြစ်ပေါ်စေရေး နည်းလမ်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပုပ္ပားတောင်ချစ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးတိုးက သဘာဝပတ်ဝန်းကျင်ထိခိုက်နေမှုကိစ္စ၊ တောင်ကလပ်ဂေါပကအစီအစဉ်ဖြင့် အမှိုက်ကားဝယ်ယူရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အသိပေး ရှင်းလင်းပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ပုပ္ပားတောင်ဒေသ အဆောက်အအုံများ ဆောက်လုပ်မှု ကြီးကြပ်ရေးကော်မတီဝင်ဌာနဆိုင်ရာများ၊ တောင်ကလပ်ဂေါပကအဖွဲ့ (ယာယီ)ဥက္ကဋ္ဌ ဦးသာအေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ပုပ္ပားတောင်ချစ်သူများအသင်း တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ တောင်ကလပ်မြေပြိုကျမှု အခြေအနေကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ စတင်ကွင်းဆင်းလေ့လာခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက လျင်မြန်စွာ တုံ့ပြန်ကယ်ဆယ်နိုင်ရေးအတွက် ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၀ ရက် က ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦး ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ က သစ်တောရေကူးကန်တွင် လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။

စိုင်း (သီပေါ)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေး

**မြစ်ကြီးနား ဇူလိုင် ၁၁**
မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်းရှိ ပင်လုံခန်းမ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အေးက "ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုနှင့် ကမ္ဘာမြေအား ထိန်းသိမ်းစောင့်ရှောက်ခြင်း" ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုအား သက်ရှိလူသားတိုင်းတွင် တာဝန်ရှိပြီး သက်ရှိလူသားတို့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာများအား မေ့လျော့အားနည်းနေခြင်းကြောင့် သဘာဝဘေးဒဏ်များဖြစ်သည့် မြေပြိုခြင်း၊ ရေကြီးခြင်း၊ လျှင်လှုပ်ခတ်ခြင်း၊ တောမီးများ လောင်ကျွမ်းခြင်းစသည့် သဘာဝဘေးဒဏ်များဖြစ်ပွားလျက်ရှိပါကြောင်း၊ သဘာဝဘေးဒဏ်များ ဖြစ်ပွားမှုကြောင့် သက်ရှိလူသားတို့သာ ထိခိုက်ဆုံးရှုံးရသည်မဟုတ်ဘဲ သက်ရှိတိရစ္ဆာန်များပါ ထိခိုက်ဆုံးရှုံးရပါကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များဝေငှပေးခဲ့သည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၃၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

## အာဇာနည်နေ့အထိမ်းအမှတ်ဟောပြော

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အလက(ခွဲ) ညောင်ဝိုင်းကျောင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မှတ်တမ်းဓာတ်ပုံများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ်စကားပြောစွမ်းရည်ပြိုင်

**ဖြူး**
တောင်ငူခရိုင် ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စကားပြောစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဖြူးမြို့ပေါ်ရှိ (ထက်၊ လယ်၊ မူ) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

## အနေးယာဉ်လုပ်သားများအား လိုင်စင်များပြုလုပ်ပေး

**ရန်ကုန်**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန အနေးယာဉ်ဌာနခွဲမှူး ဦးဇင်မင်းလှိုင်နှင့် တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဇူလိုင် ၁၁ ရက် နံနက်က မြို့နယ်စည်ပင်သာယာရုံး၌ မြို့နယ်အတွင်းရှိ အနေးယာဉ်လုပ်သားကြီးများကို အနေးယာဉ်နင်းမောင်းလိုင်စင်များ ဆောင်ရွက်ပေးခဲ့ကြသည်။

"အထူးအစီအစဉ်နဲ့ဆောင်ရွက်ပေးတာပါ၊အချိန်ကုန် လူပန်းမဖြစ်စေဖို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိတဲ့ အနေးယာဉ်ဌာနခွဲက တာဝန်ရှိသူတွေက ကွင်းဆင်း ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ဟုမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။ **၁၉၇**

## မိုင်းအန္တရာယ်အသိပညာပေးသင်တန်းဖွင့်

**မယ်စဲ့**
မိုင်းအန္တရာယ်အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကယားပြည်နယ် မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ကယားပြည်နယ် မိုင်းအကြံပေးအဖွဲ့ (MAG) မှ လူထုဆက်ဆံရေးကြီးကြပ်ရေးမှူး ဦးစောသြဂတ်စတင်းနှင့် လူထုဆက်ဆံရေးအသင်းခေါင်းဆောင် ဒေါ်မေရီစုစုတို့က မိုင်းလုပ်ငန်း၏ မဏ္ဍိုင်ကြီး ငါးရပ်နှင့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးအကြောင်းအရာများကို နှစ်ရက်ကြာ သင်ကြားဆွေးနွေးကြောင်း သိရသည်။

မိုင်းအန္တရာယ်အသိပညာပေးသင်တန်းဖွင့်ပွဲသို့ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၇၀ ခန့်တက်ရောက်ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန်**
လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးဝင်းလေးထပ်ဆောင် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဦးစိန်သန်းမြင့်က အမှာစကားပြောကြားပြီး လုပ်ငန်းခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသည့်အလုပ်သမားလေးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ကျပ် ၁၅၈၄၀၀၀၀၊ အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမားရှစ်ဦးအတွက် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ငွေလုံးငွေရင်း ကျပ် ၂၂၁၈၇၇၀၉ ဒသမ ၆၀ နှင့် ဆေးဖိုးကုန်ကျမှု ပြန်အမ်းငွေနှစ်ဦးအတွက် ကျပ် ၅၆၃၁၇၃၀ စုစုပေါင်း ကျပ် ၄၃၆၅၉၄၃၉ ဒသမ ၆၀ အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မောင်ဇော်**

## မြစိမ်းရောင်ချေးငွေကျပ် သိန်း ၄၁၀ ထုတ်ချေး

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကြာကန်ကျေးရွာ၌ မြစိမ်းရောင်ချေးငွေထုတ်ချေးခြင်းကို ကျေးရွာအစည်းအဝေးခန်းမဆောင်၌ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ကျေးရွာသူ ကျေးရွာသား ၂၄၉ဦးအား စုစုပေါင်းချေးငွေကျပ်သိန်း ၄၁၀ အား ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ကိုကျော် (သုံးခွ)**



ရှမ်းပြည်နယ် နမ့်စန်မြို့နယ် အသောကာရာမကျောင်းတိုက်ဝင်းအတွင်းရှိ နေလရာဇာကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက်က ကျင်းပရာ စကြာတောင် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘန အမှူးထား၍ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ အလှူရှင် ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စစ်ဌာန ဥက္ကဋ္ဌ ဦးမဟာဂျာနှင့် တာဝန်ရှိသူများက အဆိုပါ ကျောင်းကိုယ်စားဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။

**ကြေးမုံ**

## မြောင်းမြမြို့တွင် ရေမြောင်းတူးရာမှ တိုက်အိမ်ရှေ့မျက်နှာစာ ပြိုကျ



**မြောင်းမြ ဇူလိုင် ၁၁**
မြောင်းမြမြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့ပေါ်ရပ်ကွက်များ မိုးရာသီ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ရေစီးရေလာ ကောင်းစေရေးအတွက် မြို့တွင်းလမ်းများ၌ ရေနုတ်မြောင်းများ တူးဖော်ရာမှ နေအိမ်တစ်လုံး အိမ်ရှေ့မျက်နှာစာ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ယမန်နေ့ ညနေ ၆ နာရီ လောက်မှာ ဖြစ်သွားတာပါ။ တိုက်အိမ်က ၁၉၅၉ ခုနှစ်က ဆောက်ထားတာလို့ သိရတယ်။ လမ်းဘေးရေမြောင်း အသစ်တိုးချဲ့ပြင်ဆင်ဖို့ ရေမြောင်းတူးဖော်ရင်း နေအိမ်အရှေ့မျက်နှာစာ အခင်းနဲ့အမိုး ပြိုကျသွားတာပါ။ လူတွေတော့ ထိခိုက်မှုမရှိပါဘူး။ ခုလောလောဆယ် အပျက်အစီးတွေကို ရှင်းလင်းနေပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက ပြောသည်။

အိမ်ရှေ့မျက်နှာစာပြိုကျခဲ့သည့် အိမ်မှာ ၁၀ လမ်းရှိ ဦးသောင်းထိုက်ဦး၏ နေအိမ်ဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ၉ လမ်းနှင့် ၁၀ လမ်းတွင် အကျယ် ၁ ပေ ၆ လက်မ၊ အနက် နှစ်ပေရှိ အုတ်ရေမြောင်းများ လုပ်ကိုင်ရန် မြေတူးဖော်ရာမှ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုနေ့နံနက်တွင် အဆိုပါနေအိမ် ဆက်လက်ပြိုကျမှုမဖြစ်ရေး၊ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ဧရိယာနယ်မြေအတွင်း အတားအဆီးများပြုလုပ်ခြင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အင်ဂျင်နီယာများက အပျက်အစီးများ ရှင်းလင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးတို့က အနီးကပ်ကြီးကြပ်ကာ အများပြည်သူ အန္တရာယ်ဖြစ်ပေါ်မှုမရှိရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## ထမ်လုံခွန်နမ့်လိုဏ်ဂူအား ကမ္ဘာလှည့်ခရီးသွားများဆွဲဆောင်ရာနေရာသတ်မှတ်ပြီး မွမ်းမံမည်

**မယ်ဆိုင် ဇူလိုင် ၁၁**
ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ်လုံခွန်နမ့်လိုဏ်ဂူအား ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာနေရာတစ်ခုအနေဖြင့်သတ်မှတ်ပြီး ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။

**အထူးပင် ကျေးဇူးတင်**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ်လုံခွန်နမ့်လိုဏ်ဂူအတွင်း၌ ပိတ်မိခဲ့ကြသော လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့အား နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များက ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲမတိုင်မီတွင် အပြီးသတ်ကယ်ထုတ်ခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် အဆိုပါကယ်ဆယ်ရေးလုပ်ငန်းမှာ ထိုင်းနိုင်ငံတွင်သာမက ကမ္ဘာ့သမိုင်းတွင် မဖြစ်ပေါ်ဖူးသေးသည့် သမိုင်းဝင်အဖြစ်အပျက်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးကိုကြီးကြပ်ခဲ့သည့် ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး နလုန်းဆတ်အိုစထာနကွန်းက ဇူလိုင် ၁၀ ရက်က ကယ်ဆယ်ရေးလုပ်ငန်းအပြီးတွင် လိုဏ်ဂူအနီးရှိ ပုံဖာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားကြောင်း သိရသည်။

လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့အား လိုဏ်ဂူအတွင်းမှ ကယ်ထုတ်လိုက်နိုင်ပြီးနောက်ပိုင်းတွင် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ခဲ့သည့် အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းအား ကမ္ဘာ့ခေါင်းဆောင်များအပါအဝင် နိုင်ငံအသီးသီးမှ ချီးကျူးဂုဏ်ပြုခဲ့ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာကလည်း ပါဝင်ကူညီခဲ့ကြသော နိုင်ငံတကာမှ အစိုးရအဖွဲ့အစည်းများထံ ကျေးဇူးတင်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်အပြီး ကျေးဇူးတင်လွှာပေးပို့ခဲ့ကြောင်း သိရသည်။ လိုဏ်ဂူအတွင်းမှ ၎င်းတို့အား အောင်မြင်စွာ အပြီးသတ်ကယ်ထုတ်လာခဲ့ကြပြီးနောက် လိုဏ်ဂူအတွင်းမှ ထွက်လာသည့် ကယ်ဆယ်ရေးအဖွဲ့များကို စောင့်မျှော်နေကြသူများက ပျော်ရွှင်စွာကြိုဆိုခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**ကုသမှုခံယူ**

လက်ရှိအနေအထားအရ ထမ်လုံခွန်နမ့်လိုဏ်ဂူအတွင်း ၁၈ ရက်ကြာပိတ်မိခဲ့ကြသည့် လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့မှာ ချင်းရိုင်ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ဆောင်သီးသန့်အခန်းများ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

ကနဦးဆေးရုံသို့ ရောက်ရှိလာကြသည့် လူငယ်များ၏ ဆေးစစ်ချက်များကို ဗန်ကောက်ဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ဆေးစစ်မှုအဖြေလွှာရလဒ်မှာ နှစ်ရက်အတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ထမ်လုံခွန်နမ့်လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းဝင်များနှင့် နည်းပြတို့အား ရုရှားနိုင်ငံ၌ ဇူလိုင် ၁၅ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားနောက်ဆုံးပွဲစဉ်သို့ တက်ရောက်ရန် ဖိတ်ကြားထားရာ လူငယ်များအနေဖြင့် ဆေးရုံတွင် ကုသမှုခံယူနေရဆဲဖြစ်၍ တက်ရောက်နိုင်မည်မဟုတ်ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီး ဒေါက်တာကျေးဆဒါး ချတ်ဒမ်းလုန်းဆွတ်က ပြောကြားသည်။ လူငယ်ဘောလုံးအသင်းဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များအား လာမည့်ရာသီအတွင်း အိုးထရက်ဒ်ဖို့သို့ လာရောက်ရန်အတွက် ဇူလိုင် ၁၀ ရက်ညနေပိုင်းက လူငယ်ဘောလုံးအသင်းဝင်များအတွက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်အပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်းက ဖိတ်ကြားလိုက်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

## ရေချိုနှင့်ရေငန်ငါးများ အမိနည်း၍ ငါးဈေးနှုန်းမြင့်

**ဖျာပုံ ဇူလိုင် ၁၁**
ဖျာပုံမြို့နယ်တွင် ပင်လယ်ပြင်ငါးဖမ်းစက်လှေ ၁၀၅ စင်းရှိသော်လည်း ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမဖမ်းရကာလသတ်မှတ်ထားသည့်ရက်များအတွင်း ငါးဖမ်းစက်လှေ ၂၀ သာ ငါးဖမ်းခွင့်ရရှိထားပြီး ငါးဖမ်းစက်လှေများမှာလည်း ငါးအမိနည်းနေကြသဖြင့် ဖျာပုံမြို့ရှိ ပင်လယ်ငါးအဝယ်ဒိုင်အချို့မှာ ပိတ်ထားရသည်အထိဖြစ်နေပြီး ဈေးကွက်တွင် မွေးမြူရေးငါးများကိုသာ ပို၍ရောင်းဝယ်နေကြကြောင်း ငါးလုပ်ငန်းရှင်များထံမှ သိရသည်။

ပင်လယ်ငါးများဖမ်းဆီးရရှိမှုနည်းသလို ရေချိုမြစ်ချောင်းများတွင်လည်း ငါး၊ ပုစွန်ဖမ်းဆီးသည့်လုပ်ငန်း ရာသီချိန်ကျရောက်နေသော်လည်း ယခုနှစ်တွင် ငါး၊ ပုစွန်ဖမ်းဆီးရရှိမှုနည်းပါးနေသေးကြောင်း သိရသည်။ ထို့ကြောင့် ရေချိုမြစ်ချောင်းများမှဖမ်းမိသည့် ပုစွန်ဗော့ချိပ်နှင့် ပုစွန်ပဲနပြားမှာ တစ်ပိဿာလျှင် ကျပ်ရှစ်ထောင်မှအထက်ထိ ဈေးနှုန်းမြင့်တက်နေကြောင်း စားသုံးသူများထံမှ သိရသည်။

ရေချိုငါးဖြစ်သည့် ကကတစ်ငါး ဈေးကွက်တွင်တွေ့ရသော်လည်း တစ်ပိဿာကျပ် ၁၂၀၀၀ ဖြစ်နေ၍ အခြေခံလူတန်းစားတို့ ဝယ်ယူစားသုံးမှု မပြုနိုင်ကြောင်း သိရသည်။ စားသုံးသူအများစုမှာ ရာသီမရွေးဝယ်ယူစားသုံးနိုင်သည့် မွေးမြူရေးငါးများဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်နှင့် ငါးမုတ်ငါးများကိုသာ ဝယ်ယူစားသုံးလျက်ရှိကြပြီး ငါးဈေးနှုန်းများမှာလည်း ပျမ်းမျှတစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀ အတွင်းရှိနေကြောင်း ဇူလိုင် ၁၀ ရက်တွင် ဖျာပုံငါးဈေးကွက်မှ သိရသည်။ **အောင်ဝင်း(ဖျာပုံ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

မြန်မာဗုဒ္ဓဘာသာလူမျိုးများ ဘာသာရေးအကြောင်း သိရှိနိုင်စေရန် ဆရာကြည် စီစဉ်ရေးသားသည့် ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း စာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓသည် လူသားများထဲမှ ထူးခြားသောပုဂ္ဂိုလ်ဖြစ်ပြီး ကြီးမားသောဉာဏ်ပညာနှင့် မဟာကရုဏာများရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဗုဒ္ဓ၏ အဓိကကျသောအချက်မှာ သစ္စာလေးပါးမြတ်တရားပင်ဖြစ်သည်။ လောကတွင် အမှန်တကယ်ကြုံတွေ့နေရသည့် ဆင်းရဲခြင်းဒုက္ခတို့ကို လက်ခံထားပြီး လွတ်မြောက်ရန် ကြိုးစားသော ဝါဒ၊ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်ပြီး မိမိလုပ်သောအလုပ်သည် ကံအကြောင်းပေါ်အမှီပြု၍ အကျိုးဖြစ်ကြောင်း ယုံကြည်သော ဘာသာ၊ အမှန်စင်စစ်ကိုဖော်ထုတ်ပြီး အေးငြိမ်းချမ်းသာသော ဘဝလွတ်မြောက်ရန် ကျင့်ကြံအားထုတ်သည့် ဘာသာ၊ မြတ်ဗုဒ္ဓသည် သူ့လမ်းသူလျှောက်၊ မည်သည့်ဘာသာကိုမှ မဝေဖန်၊ မည်သည့်ဘာသာကို ကိုးကွယ်ဆည်းကပ်ပါဟု မတားမြစ်၊ ဒုက္ခကို သုခမထင်ရန် လမ်းကောင်းကို ညွှန်ပြထားသည်။

မိမိလုပ်သောအလုပ်သည် ကံအကြောင်းပေါ်အမှီပြု၍ အကျိုးဖြစ်ကြောင်း ယုံကြည်သော ဘာသာ၊ အမှန်စင်စစ်ကို ဖော်ထုတ်ပြီး အေးငြိမ်းချမ်းသာသော ဘဝလွတ်မြောက်ရန်ကျင့်ကြံအားထုတ်သည့် ဘာသာ၊ မြတ်ဗုဒ္ဓသည် သူ့လမ်းသူလျှောက်ရန် လမ်းကောင်းကို ညွှန်ပြထားသည်။ **စာအုပ်ကို ဗုဒ္ဓအကြောင်း သိကောင်းစရာစာပေ၊ အမှတ်–၁၆၂၊ ၅–လွှာ၊ လမ်း (၅၀) အထက်၊ အမှတ်(၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၇၅၁၅နှင့် ၀၉–၂၆၂၄၃၅၅၃၀တို့မှ ဖြန့်ချိသည်။**



## မြန်မာနိုင်ငံ တောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိဿယ

မြန်မာနိုင်ငံရှိ မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ် ခြေလျင်တောင်တက်အားကစားသမားများနှင့် စာပေဝါသနာရှင်များ ဖတ်ရှုလေ့လာနိုင်ရန် ဦးလှအောင် စီစဉ်ရေးသားသည့် မြန်မာနိုင်ငံ တောင်တက်ခရီးသွားမှတ်တမ်းနှင့် နည်းနိဿယ စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၏ အားကစားလောကတွင် ခြေလျင်နှင့်တောင်တက်ခြင်းကဏ္ဍကိုစတင် ပန္နက်တည်ပေးခဲ့ပြီး တက္ကသိုလ် ကောလိပ် ကျောင်းသားလူငယ်များ အပါအဝင် မြန်မာနိုင်ငံရှိ လူကြီး၊ လူငယ်များအားလုံးကို ကျန်းမာသော လူမျိုး၊ ကြံ့ခိုင်သောလူမျိုး၊ ဇွဲရှိသော လူမျိုးဖြစ်အောင် မြေတောင်မြှောက်ပေးခြင်းဖြစ်သည်။ ပေ ၁၀၂၀၀မြင့်သောဝိတိုရိယတောင်ထိပ်သို့ ရောက်ခဲ့ကြသော ကျောင်းသား ၁၀၀၏တောင်တက် ခရီးစဉ်၊ ၁၀၃၃၈ ပေမြင့်သော ဖိမော်တောင်ကြားလမ်းခရီးစဉ်၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ရေခဲနှင့် ဆီးနှင်းထူထပ်သော ဒေသများတွင် စွန့်စွန့်စားစားသွားခဲ့ကြသော တောင်တက်ခရီးစဉ် အကြောင်းများကို ရေးသားထားသည်။ **စာအုပ်ကို အမှတ်–၂၃၆၊ မြေညီထပ်၊ ၃၅–လမ်း(အထက်ဘလောက်)မှ ဖြန့်ချိသည်။**



## ခိုင်ပန်းစုံ ရာပြည့်စာစီစာကုံးများ

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများ သိရှိလေ့လာနိုင်ရန် ဆရာကျော် စီစဉ်သည့် ခိုင်ပန်းစုံ ရာပြည့်စာစီစာကုံးများ စာအုပ်ထွက်ရှိလာသည်။

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် မြန်မာနိုင်ငံတော်၏ အဓိကစာပေဖြစ်သော မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ပညာရှင်များက ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းတွေ့မြင်ရသည်။ ထို့ကြောင့် မူလတန်းအရွယ်မှစတင်ကာ စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြီး မြန်မာစာအရေးအသားတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ နေ့ကြီး ရက်ကြီးများတွင် စာစီစာကုံးပြိုင်ပွဲများကျင်းပကာ မြန်မာစာပေဝါသနာရှင်လေးများပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် အဆိုပါစာအုပ်ကို ဖတ်ရှုလေ့လာခြင်း အားဖြင့် ကိုယ်ပိုင်အတွေးအခေါ် အယူအဆများ ရရှိနိုင်မည်ဖြစ်သည်။ **စာအုပ်ကို ရွှေလက်ရာစာပေ၊ အမှတ်–၂၄၇၊ မြေညီထပ်၊ လမ်း–၃၀(အထက်)၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၁၃၀၉၆၈နှင့် ၀၉–၇၃၂၀၅၇၂၆ တို့မှ ဖြန့်ချိသည်။**





## မြန်မာ့ရိုးရာသင်္ချာ EQ IQ ဉာဏ်စမ်းများ

သင်္ချာဉာဏ် လေ့လာလိုသူများအတွက် နေမင်းရာဇာ အယ်ဒီတာအဖွဲ့မှ စီစဉ်သည့် မြန်မာ့ရိုးရာသင်္ချာ EQ IQ ဉာဏ်စမ်းများစာအုပ် ထွက်ရှိလာသည်။

ကျောင်းသား ကျောင်းသူများအတွက် တွက်ချက်မှုစွမ်းရည်၊ ခန့်မှန်းမှုစွမ်းရည်၊ ဆက်စပ်တွေးခေါ်မှု၊ အခက်အခဲကျော်လွှားနိုင်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် သင်္ချာအခြေခံဇာတ်လမ်းပုံပြင်များကို ပြုစုထားသည့် သင်္ချာစကားထာကဏ္ဍကို ဖော်ပြထားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ကျေးလက်ရိုးရာအငွေ့အသက်များဖြင့် မြန်မာ့ပုစ္ဆာစကားထာများကို ပြုစုထားသည်။ ယင်းစကားထာများသည် ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပုံ၊ စဉ်းစားတွေးခေါ်ပုံ၊ အမြော်အမြင်ရှိပုံ၊ စာပေအရေးအသား၊ ဖြန့်ကြက်တွေးခေါ်အဖြေရှာပုံတိုကို ဖော်ပြထားသည်။


**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်–၂၃၇၊ ပထမထပ်–ဝဲ၊ ၃၉–လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၈၃၉၂၈၃၅နှင့် ၀၉–၇၇၃၇၇၄၇၃၃တို့မှ ဖြန့်ချိသည်။**



## ရှေးဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကို တူးဖော်ခြင်း(ဒုတိယအကြိမ်)

ပုဂံသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်ပြယုဂ်တစ်ခုဖြစ်ကြောင်း စာရေးသူ နောင်ချိုကျော်လွင် စီစဉ်ရေးသားသည့် ရှေးဟောင်းပုဂံမြေမှ ရှင်အရဟံသိမ်ကိုတူးဖော်ခြင်း(ဒုတိယအကြိမ်) စာအုပ်ထွက်ရှိလာသည်။

အနော်ရထာမင်းလက်ထက်တွင် ရှင်အရဟံ ပုဂံသို့ရောက်ရှိလာပြီး ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားလာခဲ့သည်။ မဟာသိမ်တော်ကြီးကို အတိုင်းအတာနှင့်တကွ အစပထမတွင်တည်ထားခဲ့ပြီး နောင်တည်ဆောက်မည့်သိမ်များအတွက် နမူနာယူရန်ဖြစ်သည်။ ကျန်စစ်သားမင်း ရေးထိုးခဲ့သောနန်းတည်ကျောက်စာတွင် နန်းတည်မည့်နေရာတွင် မြေသန့်မင်္ဂလာပြုလုပ်စဉ် ရှင်အရဟံအပါအဝင် ရဟန်း ၄၁၀၈ပါး ပရိတ်ရွတ်ကြကြောင်း ဖော်ပြပါရှိသဖြင့် ရဟန်းများဉာဏ်မျှများပြား၍ သံဃာကံပြုရန် ပုဂံတွင်သိမ်များရှိခဲ့ကြောင်းထင်ရှားသည်။ အဆိုပါမဟာသိမ်တော်ကြီးသည် နှစ်ပေါင်းများစွာကြာမြင့်လာပြီဖြစ်သဖြင့် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံထားမှုကို တွေ့မြင်နိုင်သည်။ **စာအုပ်ကို ရန်အောင်စာပေ–၂၊ အမှတ်–၈၅၅၊ ဦးငွေကိုင်လမ်း၊ ၄၁–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉–၉၉၉၇၂၆၆၅မှ ဖြန့်ချိသည်။**




## တစ်သွေး တစ်သံ တစ်မိန့်ဆိုသည်မှာ ဒီမိုကရေစီ မဟုတ်ပါ

မြန်မာနိုင်ငံရေးအကြောင်း ဖတ်ရှုလေ့လာနိုင်ရန် စာရေးသူ ဝင်းထွဋ်ဖော် စီစဉ်ရေးသားသည့် တစ်သွေး တစ်သံ တစ်မိန့်ဆိုသည်မှာ ဒီမိုကရေစီမဟုတ်ပါ စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်သို့ရောက်ရှိအောင် ဆောင်ရွက်လိုသည့် နိုင်ငံရေးပါတီများအတွင်း ဒီမိုကရေစီကျင့်ဝတ်များကို အခိုင်အမာ တည်ဆောက်ဖို့လိုပြီး ထိုပါတီအတွင်းမှာပင် လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်နှင့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်များရှိဖို့လိုသည်။ ပါတီအတွင်းတွင် ပါတီဝင်များသည် ဒါကိုကန့်ကွက်၊ ဒါကိုထောက်ခံ၊ ဟိုဟာမလုပ်နှင့် ဒီဟာမကိုင်နှင့် ငါတို့ခိုင်းတာလုပ်၊ ခံမပြောနှင့်ဆိုသည့် ပုံစံခွက်ထဲထည့်ထားခြင်းခံရလျှင် ထိုပါတီဝင်များသည် အဆိုပါ အမိန့်ကလွဲ၍ ဘာမှမလုပ်တတ်မကိုင်တတ်ဖြစ်ကာ စွမ်းဆောင်ရည်နိမ့်ကျသည့် ပါတီဝင်များအဖြစ်သို့ရောက်ရှိသွားနိုင်ကြောင်းရေးသားထားသည်။

**စာအုပ်ကိုနန်းဒေဝီစာပေ၊ အမှတ်–၂၀၀(ပထမထပ်)၊ ၃၆–လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၈၃၀၂၅နှင့် ၀၁–၃၉၁၆၃၃တို့မှ ဖြန့်ချိသည်။**




## စာလုံးရေ ၅၀၀ ထက်မပိုသော တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ စာစီစာကုံးများ

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများလေ့လာနိုင်စေရန် စာရေးသူ ဆရာသစ်ဟန် စီစဉ်ရေးသားသည့် စာလုံးရေ ၅၀၀ ထက်မပိုသော တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ စာစီစာကုံးများစာအုပ် ထွက်ရှိလာသည်။

အခြေခံပညာအထက်တန်းတွင် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်တွင် စာစီစာကုံးကို ပိုင်နိုင်စွာ ဖြေဆိုနိုင်စေရန် မိဘများအား ကျွန်ုပ်တို့ပေးနိုင်သော အကောင်းဆုံးလက်ဆောင်တစ်ခု၊ အချိုးအစားညီမျှ ကျန်းမာရေးနှင့်သင့်လျော်အောင်စီစဉ်သည့် အစာအာဟာရကို ရွေးချယ်စားသုံးမှု၏အကျိုးကျေးဇူးများ၊ မိတ်ဆွေကောင်းရအောင် ပေါင်းသင်းနည်း၊ ငွေသည်မကောင်းမှုကို ဖြစ်စေတတ်သည့်အကြောင်း၊ ကြော်ငြာများသည် ကောင်းကျိုးထက် ဆိုးကျိုးကိုဖြစ်စေသည်၊ အားကစားပွဲများ၏ အရေးပါမှု စသည်ဖြင့် အကြောင်းအရာ ၃၀ကျော်ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် လွယ်ကူစွာလေ့လာနိုင်ရန် ဖော်ပြထားသည်။ **စာအုပ်ကို အမေနှင့်သားစာပေ၊ အမှတ်–၄၆/၂၊ အိမ်ကြီးလမ်းနှင့် ဗိုလ်ချုပ်လမ်းသွယ်ထောင့်၊ ရွှေဘုန်းပွင့်စေတီတော်အနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၈၁၆၄၊ ၀၉–၅၀၃၁၆၈၇ တို့မှ ဖြန့်ချိသည်။**




## ဖူးငုံပွင့် ကလေးကဗျာများ

ကလေးသူငယ်များ ဖတ်ရှုလေ့လာနိုင်စေရန် စာရေးသူ တက္ကသိုလ်မြတ်သူ စီစဉ်ရေးသားသည့် ဖူးငုံပွင့်ကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

လောက၌ ကလေးငယ်ဟူသမျှကို မိဘတို့၏ ရင်သွေးငယ်၊ ရင်နှစ်သည်းချာ၊ မျက်ရှုကြေးမုံဟုခေါ်ဆိုကြသည်။ ယနေ့ကလေးသူငယ်၊ လူငယ်လူရွယ်တို့သည် လာမည့်အနာဂတ်၊ နောင်တစ်နေ့တွင် နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ယူရမည့် ပညာရှင်၊ ပညာတတ်ကြီးများ၊ နိုင်ငံကို ကာကွယ်စောင့်ရှောက်သူများ၊ နိုင်ငံတော်ကြီးပွားစည်ပင်အောင် ဖော်ဆောင်မည့်သူများ၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အရေးအရာများကို ထူးချွန်ထက်မြက်စွာ ဦးဆောင်သူများဖြစ်သည်။ ဖူးရာမှငုံ၊ ငုံရာမှပွင့်သော ပန်းကလေးများသည် အရောင်အသွေး၊ ပန်းပွင့်ပုံဖြင့် သင်းထုံပျံ့နှံ့လွင့်ပျံ့၍ ပန်း၏ဂုဏ်ရည်ကိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းရေးသားထားသည်။

**စာအုပ်ကို မိုးကျော်စာပေ၊ အမှတ်(၃၈၅/၃၈၇)၊ ရွှေဘုံသာလမ်း၊ ၂၉–လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀၂၉၅၉၁ နှင့် ၀၉–၇၃၂၄၅၂၅၇ တို့မှ ဖြန့်ချိသည်။**

## ပဌာန်းဘုရားပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်အတွင်းရှိ "မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း"၌ ဝါဆိုဝါကပ်တော်မူသည့် သံဃာတော်အရှင်သူမြတ်တို့က ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားရှင်ဟောကြားထားသော ဒေသနာတော်တို့တွင် အမြတ်ဆုံးဖြစ်သော ပဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်း အန္တရာယ်ကင်းပျောက်ချမ်းသာရောက်ပြီး စီးပွားလာဘ်လာဘ တိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ကိုးကွယ်တော်မူသည့် ဘုရားဆင်းတုတော်မြတ်များ အား အမြတ်ဆုံးပဌာန်းဖြင့် ထုံမွှမ်းသိဒ္ဓိတင်နိုင်ရန် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများအား (ဒုတိယဝါဆိုလဆန်း ၁ရက်မှ ဒုတိယဝါဆိုလပြည့်နေ့) ၁၃-၇-၂၀၁၈ ရက်မှ ၂၇-၇-၂၀၁၈ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ အထက်ပါကျောင်းတိုက်သို့ ပင့်ဆောင်ပို့နိုင်ပါကြောင်း မေတ္တာရှေ့ထား၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ပဌာန်းဘုရားပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**
**အမှတ်(၅)ဝိုင်း၊ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း**
**ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇၊ ၀၉-၄၄၈၆၂၀၀၄၄**

## ရန်ကုန်တိုင်းဒေသကြီး အလေးမအသင်း လူရွေးပွဲ ဖိတ်ကြားခြင်း

၂၀၁၈ ခုနှစ်၊ (၄၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ၁၅-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ လေ့ကျင့်ရေးရုံတွင် ကျင်းပမည်ဖြစ်ပါသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် ၁၃-၇-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၅ နာရီနောက်ဆုံးထား၍ ဖော်ပြပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင်သည်။ **ဖုန်း ၀၉-၅၀၆၈၅၁၁၊ ၀၉-၇၉၇၇၁၉၄၃၂**

**ရန်ကုန်တိုင်းဒေသကြီး အလေးမဆပ်ကော်မတီ**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက(၂)၊ ၁သမတန်း(A)မှ မောင်အောင်ဇင်ဦး၏ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း [၉/တကန(နိုင်)၁၁၅၆၅၇]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက(၂)၊ န၀မတန်း(A-3)မှ မမြတ်ဝတ်မှုံ၏ဖခင်အမည်မှန်မှာ ဦးသိန်းကိုလေး [၉/တကန(နိုင်)၁၆၉၇၆၈] ဖြစ်ပါကြောင်း။

စာပေလောက



**မိုးမိုး (အင်းလျား) ၏**
**မဂ္ဂဇင်း ဝတ္ထုရှည်များ**

[၁၉၇၆ နိုဝင်ဘာမှ ၁၉၈၉ စက်တင်ဘာအတွင်း ရေးသားခဲ့သည့် မဂ္ဂဇင်းဝတ္ထုရှည်များ စုစည်းမှု]

စာပေလောကစာအုပ်တိုက် ။ ။ အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၄၃၉၁

Yangon University of Distance Education
YUDE
KMD Institute

**ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှစစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ သထုံလမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ ဩဂုတ်လ (၂၇)ရက်၊ ၂၀၁၈ ခုနှစ်။**

ဆက်သွယ်ရန်ဖုန်း
၀၉-၂၆၂၆၀၀၃၀၁၊ ၉၆၆၁၄၈၂၅၂၊ ၀၁-၅၀၁၂၄၃၊၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၃၈၄၂၆၈၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၂၂၀၅၅၅

သင်တန်းကြေးများ၊ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။

Bumrungrad International HOSPITAL
Y.I.M SERVICES
Yangon International Medical Services Group




ရန်ကုန်ရုံးချုပ် - ၀၉၅ ၁၀၅ ၁၀၅ ၊ ၀၉၇ ၃၁၅ ၇၀၇ ၇ မန္တလေးရုံးခွဲ - ၀၉၄ ၃၀၃၀ ၃၂၇ ၊ ၀၉၄ ၀၂၇ ၆၇၆ ၈၁
နေပြည်တော်ရုံးခွဲ - ၀၉၄ ၂၀၂၆ ၂၂၂၆ ၊ ၀၆၇ ၈၁၀၈ ၂၈၈ မော်လမြိုင်ရုံးခွဲ - ၀၉၂ ၆၄၁၁ ၁၅၅ ၃၇ ၊ ၀၉၂ ၆၄၁၁ ၁၅၅ ၃၈
လားရှိုးရုံးခွဲ - ၀၉၅ ၁၅၆ ၁၀၁ ၊ ၀၉၂ ၅၁၁၁ ၀၁၁ ၈ တောင်ကြီးရုံးခွဲ - ၀၉၇ ၈၂၂၄ ၁၆၈ ၆ ၊ ၀၉၂ ၆၄၁၈ ၄၈၆ ၈
ဘန်ကောက် (Viber,Line,WeChat) +၆၆၆ ၃၃၃ ၈၅၈ ၃၂ ၊ +၆၆၆ ၃၃၃ ၈၅၈ ၃၅ enquiry@yimservices.com www.yimservices.com

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အထက(၂)၊ န၀မတန်း(A-6)မှ မရွှေယမင်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၉-၂၀၀၄ ဖြစ်ပါကြောင်း။

## ကျောင်းသားအမည်မှန်နှင့် ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အထက(၂)၊ ဒသမတန်း(A-3)မှ မောင်ဝင်းအောင်၏ အမည်မှန်မှာ မောင်ဖြိုးကြီးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအောင်ငွေ [၉/တကန(နိုင်)၁၁၅၆၇၅]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၂)၊ ကျောင်း တက္ကသိုလ်ဝင်တန်း(E)မှ မောင်ခန့်ဗိုလ်ဗိုလ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း [၅/ငဇန(နိုင်)၀၀၀၂၉၂] ဖြစ်ပါသည်။

**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်
✱အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို✱
မည္သူ Ph: 01-2339310,01-2339355, 01-578044-01570721

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**ရောင်းရန်ရှိသည်။**
✱ လမ်းမတော်၊ (၁၁)လမ်း၊ လုံးချင်း(၂)ထပ် ၂၅'×၆၀' ၉၀၀၀ သိန်း
✱ ပိုးစိန်လမ်း၊ ဗဟန်း ၅၀' × ၇၅' မြေသီးသန့် ၆၀၀၀ သိန်း
✱ ပိုးစိန်လမ်း Condo (Basement)ပါ ၂၈၀၀sq.ft ၃၅၀၀ သိန်း
✱ သာကေတ၊ Capital ရှေ့ ၁၀၅'×၆၅' မြေသီးသန့် ၄၅၀၀ သိန်း
ဆက်သွယ်ရန် 09 967999888

**MOTHERLAND CONSTRUCTION မှ**
PAE ဖြင့်လူကြီးမင်းတို့စိတ်တိုင်းကျ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။
ဖုန်း - 09 5002257 , 09 79 5002257 , 09 97 5002257 , 09 5000647 , 01 254906




# THE CENTRAL

By the INYA LAKE

RETAIL STREET HANDOVER CELEBRATIONS IN JULY

SPECIAL RESIDENTIAL PROMOTION UNITS | LUCKY DRAWS

## CALL US NOW!








**HOTLINE**
**+959 777 773 770**
**THECENTRALYANGON**

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည်(ပခုက္ကူမြို့)
### အသက် (၈၈)နှစ်

ပခုက္ကူမြို့နေ ဒေါ်မြမြဝင်း (B.Com, A.A၊ ၁၉၇၁-၁၉၇၅၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)၏မိခင်ကြီး ဒေါ်ခင်ကြည် (၈၈)နှစ်သည် ပခုက္ကူမြို့၌ ၇-၇-၂၀၁၈ ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၁-၁၉၇၅) ခုနှစ်**
**ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီး ဒေါ်တင်စိုး
**ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
### အသက် (၈၄) နှစ်

သတ္တဗေဒကျောင်းသား/သူဟောင်းများ၏ကန်တော့ခံ ဆရာမကြီး ဒေါ်တင်စိုး(၁)သည် ၁၀-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲလွင် (မဏ္ဍိမလှိုင်း/ပန်းရဲ့လမ်း)
### အသက် (၇၁) နှစ်

သူငယ်ချင်း ဦးရဲလွင်(မဏ္ဍိမလှိုင်း)သည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ. . . .

**ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၄ နှင့် ၁၉၆၅)**
**ပထမနှစ်ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးရဲလွင် (မဏ္ဍိမလှိုင်း/ပန်းရဲ့လမ်း)
## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၇၈-A)၊ မင်းကြီးလမ်း၊ ရွာမ အရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးရဲလွင်(မဏ္ဍိမလှိုင်း/ပန်းရဲ့လမ်း)သည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သန်း(မုံရွာ)
### အသက် (၇၀)
**B.E (Mech), (64' Intake RIT), Chief Engineer (F.G)**

သူငယ်ချင်း ဦးမောင်မောင်သန်း(မုံရွာ)သည် ၆-၇-၂၀၁၈ (သောကြာနေ့) ည ၁၁း၄၀ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိ လားပါစေ. . .

**ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၄ နှင့် ၁၉၆၅)**
**ပထမနှစ်ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း
# ဦးဇော်ဦး (ဖျာပုံ)
## အသက် (၄၉) နှစ်

ဖျာပုံမြို့နေ [ဦးလံဘား(ခ)ဦးဝင်းရွှေ]-ဒေါ်အာရှတို့၏သား၊ ဦးအောင်သန်း-ဒေါ်နီနား၊ ဦးအောင်မြင့်-ဒေါ်အေးအေးခိုင်၊ ဦးရာဂျူး(ခ)ဦးအောင်ခိုင်ဝင်း-ဒေါ်နီလာမိုး၊ ဦးခင်ရွှေ-ဒေါ်ခင်လေးနွယ်တို့၏ညီ၊ (ဦးအောင်ဝင်း)-ဒေါ်အေးအေးသင်းတို့၏ အစ်ကို ဦးဇော်ဦးသည် ၁၀-၇-၂၀၁၈(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ရွှေရောမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး တင်အောင်မိုး
**မေ့ဆေးပါရဂူ/ဌာနမှူး၊ တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၁)**
### အသက် (၄၄) နှစ်

နေပြည်တော်၊ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ၊ မေ့ဆေးဌာနနှင့် ခွဲစိတ်ခန်းမကြီးမှ ပါရဂူ/ဌာနမှူး ဒုတိယဗိုလ်မှူးကြီး တင်အောင်မိုး၊ တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၁)သည် ၉-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၁)မှ**
**သူငယ်ချင်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း
# မသက်ထားလွင်
## အသက် (၁၉) နှစ်

အောင်လံမြို့၊ စက်မှုရပ်ကွက်နေ ဦးသန့်ဇော်အေး-ဒေါ်နွယ်နွယ်ဝင်းတို့၏သမီး မသက်ထားလွင်သည် ၈-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထောက်ကြန့်မြို့မှ သူငယ်ချင်းများ**

---

## ဒေါ်ကျင်စိန်
### အသက် (၁၀၀)

လှိုင်လင်မြို့နေ (ဦးမောင်ကို)-ဒေါ်မြင့်ကြည်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ ဦးသန်းထွန်း၊ ဦးအောင်လှိုင်၊ ပဲခူးမြို့နေ (ဦးကျော်စိုး)-ဒေါ်လှကြည်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ ဦးအေးသန်း-ဒေါ်လှလှဦး၊ ရမည်းသင်းမြို့နေ ဦးမျိုးမြင့်-ဒေါ်စန်းစန်းဝေ၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ ဦးစံဝင်း-ဒေါ်ညွန့်ညွန့်သန်း (ရွှေရည်ဦး အီလက်ထရောနစ်ရောင်းဝယ်ရေး)၊ မင်းဘူးမြို့နေ ဦးအေးသူ-ဒေါ်ပြုံးရီ၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ ဦးမောင်မောင်တိုး-ဒေါ်သက်သက်လှိုင် (ရောဦး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၆ ယောက်၊ မြစ် ၂၁ ယောက်တို့၏အဘွား၊ (ဦးလှရွှေ)၏ဇနီး ဒေါ်ကျင်စိန်သည် ၁၁-၇-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် မင်းလမ်းမြောက်ရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအုန်း (ကမ္ဘာမြေချစ်သူ) (၉၁)နှစ်
**B.Sc (Mdy), B.Sc(Forestry, Hons) Wales University (U.K)**
**British Forest Service (B.F.S),**
**Minamata Prize (Minamata ,Kobe, Japan)**
**စာပေဗိမာန်စာမူဆု(ပထမဆု)၊ ကမ္ဘာမြေချစ်သူ (Ichi, Japan)**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန၊ ဥက္ကဌ (ငြိမ်း)၊ F.R.E.D.A**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန်ကျီးစင်တင်းအိပ်ရွာနေ (ဦးဘသော်-ဒေါ်နှင်းရီ)တို့၏သားကြီး၊ ဒေါ်ခင်မြ၏ခင်ပွန်း၊ (ဒေါ်ခင်ဆွေ)၊ ဦးညွန့်သာ(စစ်ကိုင်း)တို့၏ အစ်ကိုကြီး၊ ဒေါ်သက်မာအုန်း(သံမဏိစက်ရုံအနီးစခန်း၊ ပြင်ဦးလွင်မြို့)-ဦးဖေတင့်၊ ဦးသန့်ဇင်(C/E, St.John Shipping Co., Ltd)-ဒေါ်မေသန္တာထွန်း၊ ဒေါ်ခင်မြအုန်း-ဦးဇော်ဝင်း(ဒု-ဌာနမှူး၊ ယာ/အုံ၊ YCDC)၊ ဒေါက်တာကျော်ဇင်(ပါမောက္ခ၊ ခွဲစိတ်ဆောင်-၂၊ မြောက်ဥက္ကလာပဆေးရုံကြီး)-ဒေါက်တာမေသူဟန်(Oncologist, Great Yarmouth, East Anglia, England)တို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ခြံအမှတ်(၃၅/ဃ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈(အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မောင်း(ခ)ဦးအောင်မြင့်
**(ဆင်တောင်ကြီးစာပေ)**
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်းအောက်လမ်း၊ အမှတ် (၄၁)၊ မြေညီထပ်နေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်သီတာ၊ ဒေါ်နီလာ (သီတာ၊နီလာစာပေ)၊ ဒေါ်ခိုင်ခိုင်နှင်း (ဗိုလ်ချုပ်ဈေး)၊ (ကိုရန်နိုင်)၊ မခိုင်ဇင်ဦး (ခိုင်ဇင်ဦးစာပေ)၊ ကိုဟန်မင်းလွင်-မသင်းသင်းခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး ဦးအောင်မောင်း(ခ)ဦးအောင်မြင့်သည် ၁၁-၇-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

---

# (၁၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
# ဦးမောင်မောင်ချစ် (U Charlie)
## ကုန်သွယ်ရေး (ငြိမ်း)

(ဦးဘိုးဆိုင်-ဒေါ်မြင့်)တို့၏သား ဦးမောင်မောင်ချစ် (U Charlie)ကွယ်လွန်သည်မှာ ၂၆-၆-၂၀၁၈ရက်တွင် (၁၁)နှစ်ပြည့်သော်လည်း နေ့စဉ်အမှတ်ရ တမ်းတဆဲပါ။ မောင်ချစ်အား ရည်စူးပြီး နေ့စဉ်လစဉ် (၁၁)နှစ်ပြည့် ပြုသမျှကုသိုလ်ကောင်းမှု အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ချစ်ဇနီး** - **Genevieve (Daw Jenny)**
**မီးရထား အငြိမ်းစား**
**သား၊ သမီးများ** - **Glanville, Alfred**
**Thelma,(Vincent)**
**Perth.W. Australia**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ရီ(ဗမာအမျိုးသမီးပုံနှိပ်တိုက်)
### အသက် (၈၇) နှစ်

သတ္တဗေဒ ကျောင်းသား/သူဟောင်းများအသင်းဝင်ဖြစ်သူ ဒေါ်နွယ်လွင်ဦး၏မိခင်ကြီး ဒေါ်တင်တင်ရီသည် ၈-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ရီ (ဗမာအမျိုးသမီးပုံနှိပ်တိုက်)
### အသက် (၈၇) နှစ်

သူငယ်ချင်းဗိုလ်မှူးကြီးကြည်ဇော်-သူငယ်ချင်း ဒေါ်နွယ်လွင်လေးတို့၏ မိခင်ကြီး ဒေါ်တင်တင်ရီသည် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်းတို့ဇနီးမောင်နှံမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RC 1ဒုတိယနှစ် BCMT 3rd Batch မှ**
**ဆရာမများနှင့် သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မိုမို့
**ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**
### အသက် (၆၃) နှစ်

သတ္တဗေဒကျောင်းသားဟောင်း ဒေါက်တာမောင်မောင်တာ(ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၏ချစ်ဇနီး သတ္တဗေဒကျောင်းသူဟောင်း ဒေါ်မို့မို့သည် ၈-၇-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသား/သူဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

# အနိစ္စ

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဦးသန်းဝင်း
### အသက် (၆၀)
**စိုက်ပညာ(လုံခြုံရေး)၊ ငြိမ်း**
**စိုက်ပျိုးရေးဌာန**
**အသင်းဝင်အမှတ် (၁၀၈၆)**

ရွှေပြည်သာမြို့၊ ၆/၁၁ ရပ်ကွက်နေ ဦးသန်းဝင်းသည် ၇-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

## ဦးတင်လှ(CG Myanmar)
### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖို့မြေရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် (၅၁)နေ ဦးခင်မောင်ချို(MCC)-(ဒေါ်အုန်းမြင့်)တို့၏သားကြီး၊ [ဦးသိန်းမြင့်-ဒေါ်ညွန့်တင် (ပေါင်းတလည်မြို့)]တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး)၊ ဦးကျော်သူမောင်(MOB Bank)-ဒေါ်အေးအေးနွယ် (Myawaddy Bank)၊ ဗိုလ်ကြီးရန်လင်း (Innwa Bank)-ဒေါ်ချိုဝါဦး၊ ဦးကျော်ခိုင် (ရေနံဓာတု)-ဒေါ်ခင်မေသင်း (အလက-၂၊ ဒဂုံ)တို့၏အစ်ကို၊ ဇော်မင်းသူ (D & G 9 Co., Ltd)-အိအိချို (The table & Chair Co., Ltd)၊ သျှားသီဟမောင်-ချိုဇင်လတ်၊ ကျော်ကျော်ထွန်း (Asia Mega Link Co., Ltd)-မြတ်စုချို(FPB)၊ ခန့်ညားနိုင်တို့၏ဖခင်သည် ၁၁-၇-၂၀၁၈ ရက် နံနက် ၂ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၈၃/ A)၊ ဒုတိယထပ်၊ (၁၆၄)လမ်း၊ တာမွေမြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထွန်းချစ် (၅၆)နှစ်

တောင်ကုတ်မြို့နယ်၊ လက်ပံကျွန်းကျေးရွာနေ (ဦးမှတ်ကျော်-ဒေါ်ခင်ကြည်)တို့၏ သားကြီး၊ ဦးညွန့်ရွှေ-(ဒေါ်လှကြည်)တို့၏သားသမက်၊ ဦးချစ်လှိုင်-ဒေါ်အေးကြည်၊ ဦးခင်မောင်ချစ်-ဒေါ်ခင်မူ၊ ဦးချစ်ဖွယ်-ဒေါ်ချိုချိုဝင်း၊ (ဦးချစ်အောင်)-ဒေါ်စန်းစန်းမြင့်တို့၏ အစ်ကိုကြီး၊ အမှတ်(၃၂)၊ ကျောက်ကုန်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးထွန်းထွန်း-ဒေါ်စန္ဒာတို့၏ညီ၊ ဦးမျိုး-ဒေါ်ညွန့်ညွန့်၊ ဦးအောင်ငွေး-မဥမ္မာတို့၏အစ်ကို၊ ဒေါ်ဝင်းဝင်းရီ၏ ခင်ပွန်း၊ ကိုကျော်မျိုးလှိုင်-မသီတာဝင်း၊ ကိုအောင်ကိုကိုထွန်း၏ဖခင်၊ မောင်မင်းသွေးခန့်ကျော်၏အဘိုး ဦးထွန်းချစ်သည် ၁၁-၇-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုကျော်ဇေယျာလင်း
**(B.A LAW)**
### အသက် (၃၇)နှစ်
**T.T.C ကျောင်းသားဟောင်း**
**မြို့နယ် ထွေ/အုပ်**

ရန်ကုန်မြို့၊ အမှတ်(၈၇)၊ ပန်းလှိုင်(၃)လမ်း၊ ဟမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးခင်မောင်)-ဒေါ်အုန်းညွန့်၊ ပြင်ဦးလွင်မြို့နယ်နေ ဦးအောင်စိန်-(ဒေါ်ခင်ရီ)တို့၏ မြေး၊ ဦးမြင့်စိန်-ဒေါ်ရီရီချိုတို့၏တစ်ဦးတည်းသောသား၊ ကိုဝေလင်းဟန်-မပန်းအိအိဖြူတို့၏ အစ်ကို၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ စည်းကားကျေးရွာနေ မမြတ်နိုးခင်၊ မောင်ဝသုန်ချမ်းလင်းတို့၏မွေးသဖခင်၊ မဇင်ဝါမြင့်၏ချစ်လှစွာသောခင်ပွန်း ကိုကျော်ဇေယျာလင်းသည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ပြင်ဦးလွင် ဆေးရုံကြီးမှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အောင်ချမ်းသာကျေးရွာအုပ်စု၊ ဝါးဘိုးရေအာရှအလင်းရောင်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဖေကြိုင် (၉၆)နှစ်
**လွှတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်**
**ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်းဒုတိယပတ်**
**ကုန်သွယ်လယ်ယာ(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၆)၊ တိုက်(၂၆၀)၊ အခန်း(၇)နေ (ဦးကျော်ထွန်းဦး-ဒေါ်မြမေ)တို့၏သား၊ (ဒေါ်အုန်းကြည်)၏ ခင်ပွန်း၊ ကိုကျော်စွာ-မဖြိုးဖြိုးမင်းနောင်၊ ကိုသော်တာ-Man San၊ ကိုကျော်သူရွှေ-မချမ်းမြေ့စိုး၊ ကိုဝေမျိုးကျော်၊ ကိုထူးကျော်-မပို့ပို့၊ မလင်းကြည်ပြာ၊ Capt: ဇင်မျိုးနိုင်-မလင်းရှုပါစိုး၊ ဒေါက်တာမွန်ရည်သက်၊ ဒေါက်တာအဥ္စလီမိုးမိုးကျော်၊ ကိုသက်ထက်ကောင်း၊ ဒေါက်တာခင်ပြည့်စုံတို့၏အဘိုး၊ မြစ်ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးရဲလွင်(ပန်းရဲ့လမ်း) (၇၁)နှစ်
**မဏ္ဍိမလှိုင်း**

(အငြိမ်းစားစက်ရှင်တရားသူကြီး ဦးမောင်မောင်-ဒေါ်ကြိုင်)တို့၏ သားငယ်၊ (ဒေါ်ရှုမေ-ဦးဝင်းဖေ)၊ (ဒေါ်ဝင်းမြ-Reverand ဦးမြင့်လှ)၊ ဒေါ်တင့်ချို-ဦးအောင်သန်း၊ (ဒေါက်တာဒေါ်မေကြည်-ဦးတင်လတ်)၊ ဒေါ်ယဉ်ယဉ်မေ-(ဦးတင်မောင်)၊ Reverand Dr.ဒေါ်ခင်လေးမြင့်-(ဗိုလ်မှူးခင်မောင်မြင့်)၊ ဦးအေးဇော်-ဒေါ်လှဝင်းမေတို့၏ ညီ/မောင်၊ ဒေါ်တင်တင်ထွေး-ဦးတင်မောင်ငွေး၊ ဒေါ်မေမေပြုံးတို့၏အစ်ကို၊ တူ/တူမ ၁၄ ယောက်တို့၏ဦးလေး၊ မြေး ၁၉ ယောက်၊မြစ်နှစ်ယောက်တို့၏ဘိုးလေးသည် ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်၊ မင်းကြီးလမ်း၊ အမှတ်(၂၇၈-A) နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းမြင့်(ကိုဝင်း) (၇၁)နှစ်
**Ex (R.O) PIL**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၆)၊ ပဒေသာလမ်းနေ (ဦးစောမောင်-ဒေါ်စုစု)တို့၏သား၊ (ဦးသတိုးအောင်-ဒေါ်လှကြီး)တို့၏သားသမက်၊ ဒေါ်ညွန့်မေ (ဂျပန်ဘာသာသင်တန်း)၏ခင်ပွန်း၊ [ဒေါ်ရီရီသန်း(လူမှုဝန်ထမ်းဌာန)]၏ မောင်၊ ဦးမြင့်ဦး(ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်ရီရီမြင့်(ဘေဘီ)၏အစ်ကို ဦးဝင်းမြင့်သည် ၁၁-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြတ်မင်း (၆၇)နှစ်
**အထပြ(ငြိမ်း)၊ အထက(၂) ပျဉ်းမနားမြို့**

ရန်ကုန်မြို့နေ ဦးစိန်ထွန်း-ဒေါ်လီလီတို့၏သား၊ ဦးလှမြင့်-ဒေါ်စန်းစန်း၊ ဦးငွေးညွှန့်-ဒေါ်စုစုတို့၏မောင်၊ ဦးဝင်းအောင်-ဒေါ်ဘေဘီပြုံး၊ ဦးတင်မောင်ဆန်း-ဒေါ်မာမာ၊ ဦးကိုကိုလှိုင်-ဒေါ်စန်းစန်းအေးတို့၏အစ်ကို၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မောင်ခင်လမ်း၊ အမှတ်(၁၀/၅၆)နေ ဒေါ်ရီရီငွေး (အထပြ-ငြိမ်း၊ အထက-၂၊ ပျဉ်းမနားမြို့)၏ခင်ပွန်း၊ ဗိုလ်ကြီးသီဟရဲတင့်-ဒေါက်တာတင်သီတာထွန်း၊ ဒေါက်တာမင်းသူဟိန်းတို့၏ဖခင်၊ မယွန်းဝတီခင်၏အဘိုးသည် ၁၁-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဒေါ်အေးအေးသန်း
### အသက် (၆၉)နှစ်
**စီမံ(ထောက်-၁)**
**ပစ္စည်းထိန်းသိမ်းရေး(ငြိမ်း)**
**လယ်စိုက်ရှင်း (ရုံးချုပ်)**
**အသင်းဝင်အမှတ် (ဝ၄၆၃)**

မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအိမ်ရာနေ ဒေါ်အေးအေးသန်းသည် ၁၀-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းရီ(ကျောက်ဖြူ)
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်(၁၄) နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၅၈)နေ ဦးချစ်ထွန်း(ခ) ဦးချစ်ဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုရဲလင်းအောင်-မခိုင်ဇင်ဝေတို့၏မွေးသမိခင်သည် ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ခင်မေညွန့်(ခ)ဒေါ်မေညွန့်
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၉၂)နေ ဦးအေးစိုး (အသင်းဝင်အမှတ်-၁၃၁၀)၏ ဇနီးသည် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## M.Aroh Khan (ခ)
## ဦးမျိုးဇော်ဦး (၃၂)နှစ်
**Engine Fitter M.V.Orient Union**
**C.D.C 64192 ရေကြောင်းသိပ္ပံ**
**CE 29**

ရန်ကုန်မြို့နေ (ဦးတင်ထွန်း)-ဒေါ်လဲ့လဲ့ဝင်းတို့၏သား၊ ဦးစံရွှေ-ဒေါ်အေးသိန်းတို့၏သားသမက်၊ ဆရာမဒေါ်စိမ်းမြအေး(အထက-၂၊ ဒလ)၏ ချစ်ခင်ပွန်း ဦးမျိုးဇော်ဦးသည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက်တွင် တာဝန်ထမ်းဆောင်စဉ် CHINA DONG JIA KOU ANCHORAGE၊ M.V ORIENT UNION သင်္ဘောပေါ်၌ ရုတ်တရက် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ဆွေမျိုးသားချင်း မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဂုဏ်ပြုညစာစားပွဲ ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၁

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဂုဏ်ပြုညစာစားပွဲကို ယနေ့ည ၇ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန် အသိပေး

**နေပြည်တော် ဇူလိုင် ၁၁**

ဇူလိုင် ၁၉ ရက် (ကြာသပတေးနေ့) (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသမီးအသင်း ဆီမီးဖိုင်နယ်တွင် ထိုင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်

**ပလန်ဘမ် ဇူလိုင် ၁၁**

၂၀၁၈ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ ထိုင်းနှင့်သြစတြေးလျအသင်း ဗိုလ်လုပွဲတက်ကာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး တတိယလုပွဲသာ ကစားရတော့မည်ဖြစ်သည်။

**ဗိုလ်လုပွဲနှင့်လွဲချော်**

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ပြီး ထိုင်းအသင်းက မြန်မာအသင်းကို သုံးဂိုး-တစ်ဂိုး၊ သြစတြေးလျယူ-၂၀ အသင်းက ဗီယက်နမ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် အစဉ်အလာကို ချေဖျက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ထပ်မံအရှုံးပေးခဲ့ရပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။

**ခံစစ်ပိုင်းအားနည်း**

မြန်မာအမျိုးသမီးအသင်းသည် ပွဲအစတွင် ထိုင်းအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၂၄ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၏ ဖန်တီးပေးမှုမှ တစ်ဆင့် ခင်မိုးဝေက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးထိန်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းမှုများကြောင့် ဂိုးများပြန်ပေးခဲ့ရသည်။ ၃၅ မိနစ်တွင် ကင်ဂျာနာသွင်းယူသည့် ချေပဂိုးမှာ မြန်မာနောက်တန်း၏ ဘောလုံးဖျက်ထုတ်ပုံ မသေသပ်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် ထိုင်းအသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ပစ်ဆာမိုင်၊ ၆၃ မိနစ်တွင် ရာတီကန်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ တတိယလုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့်သြစတြေးလျအသင်းတို့ တွေ့ဆုံကာ ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**